
# ဒေါက်တာဘမော်

၏

## ဗမာ့လက်ငင်း–လွတ်လပ်ရေး။
## အင်္ဂလိပ်=အောင်ဆန်းစာချုပ်။
## အခြားလောလောဆယ် ပြဿနာများ

# ဝေဘန်ချက်။

(ဒုတိယ နှိပ်ခြင်း)　　　　အဘိုး ၆ ပဲ။



# ဗမာ့လက်ငင်း လွတ်လပ်ရေး။

မဟာဗမာ အဖွဲ့ချုပ်မှ-ကြီးမှူး၍
၁၃၁၀-ခု။ တပေါင်းလပြည့်ကျော်
၃-ရက် [၉-၃-၄၇] ရန်ကုန်မြို့
နေသူရိယ ရုံကြီးတွင် ကျင်းပသော
"ဗမာ့လက်ငင်း-လွတ်လပ်ရေး"
အစည်းအဝေးကြီး၌၊ မဟာဗမာ-
နာယက—ဒေါက်တာ ဘမော်က၊
သဘာပတိအဖြစ်ဖြင့် ။အောက်ပါ
အတိုင်းမိန့်ခွန်းမြွက်ကြားကြောင်း။
စာဖတ်သူတို့ ပိုမို နားရှင်းစေရန်။
ဤမိန့်ခွန်း၌—အချို့-နေရာ တို့တွင်
ဒေါက်တာ ဘမော် ကိုယ်တိုင်က
သိအပ်သော ဖြည့်စွက်ချက် အနည်း
ငယ်ကို ထည့်သွင်း လိုက်ကြောင်း။

ဒီကနေ့-အစည်းအဝေးကျင်းပပြီး—အခုလိုပြောနေရဒါ ဘာ။ပျော်လို့ပါးလို့-မဟုတ်ဘူး။ အပျင်းပြေ သဘောလဲ မဟုတ်ဘူး။မပြောလျှင်မပြီးတဲ့အတွက်ပြောရတာဘဲ၊

## လမ်းဆုံ-လမ်းခွ၊

ဗမာပြည်ကြီး ကျွန်ဘဝရောက်တဲ့နှစ်ပေါင်း-၆၀ကျော် တလျှောက်လုံးရဲ့ရာဇဝင်မှာ။ဗမာတမျိုးလုံးဟာ—ဒီမျှလောက် ကြီးမားတဲ့ပြဿနာနဲ့မတွေ့ကြုံခဲ့ကြရသေးဘူး၊ ပိုပြီး ရှင်း အောင်ပြောရမယ်ဆိုရင်၊ဗမာတမျိုးလုံးဟာအခုအချိန်မှာ- ဟိုဘက်—သည်ဘက်-ထဘက်ဘက်ကိုအတိအကျရွေးကြ ရတော့မဲ့-လမ်းဆုံလမ်းခွကိုရောက်နေကြပြီ။ ဒီလိုအခါမှာ လမ်းမှန်ကို မကြောက်မရွံ့ရွေးပြီး—ဗမာများက လိုက်ကြ ရမယ်။မဲ့သူက-မဲ့ပေတဲ့။ ဖြူသူက-ဖြူပြီး- ဗမာ့ အသံကို ကမ္ဘာကကြားအောင်လုပ်ကြ ရမယ်၊

## အရေးတော်ပုံအစစ်။

အခုအရေးဟာ-ရာဇဝင်ပြောင်းလဲရေး။ဗမာရာဇဝင်အ သစ်စတင်ရေးသားခြင်းဖြစ်တယ်။ဒီလိုအရေးကိုစတင် ဖန် တီးတဲ့အခါမှာ လူနဲ့တယ်များတယ်ကပမါနမဟုတ်၊အလုပ် မှန်ခြင်း၊သတ္တိရှိခြင်း။သစ္စါတည်ခြင်းများသာပဓါန။ရာဇဝင် ဟောင်းကိုဖျက်ပြီး-ရာဇဝင်သစ်ကိုရေးခဲ့ကြတဲ့လူမျိုးတိုင်း ဟာ-ဒီအတိုင်းစပြီးလုပ်ကြရတာချည်းဘဲ-ဒါဟာနိုင်ငံတိုင်း အရေးတော်ပုံတိုင်းရဲ့ဂမ္ဘတာဘဲ။ဗမာပြည်မှာလဲ-ဒီအတိုင်း လုပ်မှအရေးတော်ပုံအတုအပတွေပျောက်ပြီး၊ အစစ်အမှန်

အရေးတော်ပုံပေါ်ပေါက်နိုင်မယ်။အရေးတော်ပုံအစစ်ပေါ်မှ လဲ။တကယ့်ဗမာ့ရာဇဝင်အသစ်ကို။ကမ္ဘာ့ရာဇဝင်မှာထည့် မြဲအောင်ရေးသားနိုင်လိမ့်မယ်။ ဗမာပြည်ဟာ။ အင်္ဂလိပ် လက်ထဲကတကယ်လွတ်ပြီး။ဗမာများလက်ထဲကို တကယ် ရောက်နိုင်လိမ့်မယ်။ဗမာဆင်းရဲသားများလဲ-ကိုယ့်ပြည်ကို သာမက—ကိုယ့်စီးပွါးရတနာကိုလဲ-ဗမာတိုင်းနဲ့ ထန်းတူ ပိုင်နိုင်ကြလိမ့်မယ်။

## ဗမာအနေနှင့်နားထောင်ကြ။

ဒီသဘောတခုတဲနဲ့ သာ—ကျုပ် အခုပြောလိုတယ်၊ ဒီ လက်ငင်းအရေးမှာ—နိုင်ငံရေးပါတီသဘောအနည်းငယ်မျှ မထားလို။ဗမာတဦးအနေနဲ့ပြောပြမယ်။ရဟန်း ရှင်လူများ ကလဲ—ဗမာများအနေနဲ့သာ-နားထောင်ကြပါ။အခု အရေး မှာ။ဗမါတွေသေရင်လဲ—နီ-ဝါ-ပြာ-စိမ်း မကွဲဘဲ၊ အတူတူ သေကြမယ်၊ရှင်ရင်လဲ-ထိုနည်းအတိုင်းဘဲ။ဒါကြောင့်-အခု ပြဿနာကို-ဗမာတမျိုးလုံးရဲ့။ပြဿနာအနေနဲ့-ဗမာ လူမျိုး တသဘောတဲထားပြီး။ နားထောင်ကြတော့။ ဝေဘန်ကြ တော့။ငွေများလို့သတင်းစာအမျိုးစုံ ထုတ်နိုင်တဲ့၊ ဘက်ကို သာထဘက်သတ်နားထောင်ပြီးနားမထောင်ကြစမ်းပါနဲ့။

## အင်္ဂလိပ်အောင်ဆန်းစာချုပ်၏ နောက်ခံကမ္ဘာ့အခြေအနေ၊

ကဲ-အင်္ဂလိပ်-အောင်ဆန်းစာချုပ်ပြဿနာကိုဗမာတိုင်း နားလည်အောင်-ကျုပ်စကားရှုပ်-စကားတွေတွေမသုံးဘဲ၊

လက်နှစ်ဘက်ပေါ် ရှင်းရှင်းကြီး မြင်အောင်တင်ပြမယ်၊
ဒီအင်္ဂလိပ်အောင်ဆန်းစာချုပ်ကို မစဉ်းစားမီ-ဒီစာချုပ်ရဲ့နောက်ခံကားဖြစ်တဲ့ကမ္ဘာ့အခြေအနေကို သိထားရုံးမှဖြစ်မယ်။ဒါကြောင့်—စာချုပ်ရဲ့ဇာတ်တော်ကြီးကိုမခင်းမီ ဘေးပတ်လည်ဇာတ်စင်ကြီးနဲ့ အခင်းအကျင်းကိုကြည့်ကြစို့၊

## အင်္ဂလိပ်အားနဲ့-ဗမာ့အား။

ပဌမ-တွေ့ဆုံတဲ့ နှစ်ဦးနှစ်ဘက်ရဲ့ အားကိုကြည့်ကြ၊တဘက်ကအင်္ဂလိပ်အားဆိုရင်၊သူတို့ရဲ့နှစ်ပေါင်းသုံးရာကျော်ရာဇဝင်ထဲရလုံးမှာ။ဒီလောက်အားပျက်ပြားပြီး—ဖယိုဖရဲ—ကျိုးကန်း တောင်းမှောက်သာကို ဘယ်တုံးကမှမရောက်ခဲ့ကြဘူးဘူး။ဗမာဘက်ကဆိုရင်-ကျွန်သက်နှစ်ပေါင်း-၆၀ ကျော်အတွင်းမှာ-လူအင်အား၊လက်နက်အင်အား။ ဗမာ့အခြေအနေအင်အား။ကမ္ဘာ့ အခြေအနေအင်အား၊ ဒီလောက်တောင်မစုံခဲ့ဘူးဘူး။အင်္ဂလိပ်က-ဗမာတောင်းသမျှကိုပေးရမဲ့အခြေအနေ-ဗမာက အင်္ဂလိပ်ဆီကတောင်းသမျှ—ရရမဲ့အခြေအနေမှာရောက်ခဲ့တယ်။

## နိုင်ပြီးမှအရှုံးပေးခဲ့ရတယ်။

အင်္ဂလိပ်ဟာဘယ်လိုဘဝဆိုးကြီးကိုရောက်နေတယ်ဆိုတာကို-တိုးပြီးနား လည်အောင်ရှင်းပြချင်သေးတယ်၊ ဒါကိုသေသေချာချာနားလယ်မှ၊ အင်္ဂလိပ် အောင်ဆန်း စာချုပ်ကြောင့် ကျုပ်တို့ဗမာတွေဟာ ဘယ်လို နိုင်နေပြီးမှ-အရှုံးပေးခဲ့ရတယ်ဆိုတာရိပြီးပေါ်မယ်။

## ကျုပ်သတိပေးခဲ့တဲ့အချက်။

စစ်ကြီးအတွင်းက–အင်္ဂလိပ်တွေပြန်လာတော့မယ်ဆိုဒါ သိတာနဲ့တပြိုင်နက်။ကျုပ်ဘာယ်လို့သတိပေးခဲ့သလဲ။ လက်နက်စစ်ကြီးနိုင်သည့်တိုင်အောင်အင်္ဂလိပ်ဟာ၊ ဗမာပြည်ကိုပြန်ပြီးနိုင်တယ်လို့ မဆိုနိုင်သေးဘူး-အင်္ဂလိပ်ဟာဗမာပြည်ကိုပြန်ပြီးသိမ်းနိုင်တဲ့အါး၌ပေမဲ့ သိမ်းတဲ့ပစ္စည်းကိုမြဲအောင်ထားနိုင်တဲ့အားရှိမှာမဟုတ်ဘူး-ဗမာများကလက်နက် စစ်ကြီးမှာအရှုံးပေးရပေမဲ့။နိုင်ငံရေးစစ်ကြီးမှာ- အနိုင်ယူနိုင်သေးတယ်လို့ကျုပ်ပြောခဲ့တယ်၊အားမလျှော့ဘဲလုပ်ကြရင် လက်နက်စစ်ကို နိုင်ငံရေးစစ်ကနိုင်နိုင်သေးတယ်လို့လဲသတိပေးခဲ့တာကိုမှတ်မိကြလိမ့်မယ်။

## မီးတွင်ပိုင်းနေသောအင်္ဂလိပ်။

ကဲ–ကျုပ်ပြောတဲ့အတိုင်းအင်္ဂလိပ်တွေပြန်ရောက်လာခဲ့တယ်။ဒါပေမဲ့-ဘာယ်လိုအခြေအနေနဲ့ပြန်ရောက်ကြတယ်ဆိုတာကိုကြည့်ကြရအောင်သူတို့ဟာ။လက်ကိုင်မမိ၊ ခြေကုတ်မရဖြစ်နေကြတာကမ္ဘာကတောင်သိတယ်၊ဗမာပြည်မှာသာမဟုတ်၊တကမ္ဘာလုံးမှာသူတို့ဟာ။မီးတွေ ပတ်ပတ်လည်ပိုင်းနေတယ်။အာရှတိုက်ကြီးတခုလုံးမှာ- စစ်ကြီးရှုံးသွားပေမဲ့ လက်နက်မချသူတွေက-မချကြသေးဘူး။ တိုက်ပွဲတွေမရပ်သေးဘူး။အင်ဒိုနီးရှားကိုကြည့်လိုက်၊အင်ဒိုချိုင်းနားကိုကြည့်လိုက်၊ကိုရီးယား-ဖစ်လစ်ပိုင်-ပါလက်စတိုင်-အီဂျစ်မှစပြီး။လက်ညှိုးထိုးမလွဲ–လူမျိုးတိုင်း–အရေးဆိုနေကြ

တယ်။ဒီကမ္ဘာမီး၊အာရှမီး ကြီးကို၊ဘယ်နည်းနဲ့မှ—မငြှိမ်းနိုင် ကြတော့ဘူး။အင်္ဂလိပ်နဲ့၊ ဗြိတိန်နယ်ချဲ့သမားတွေလဲ—နှိမ်ဘို့ အားမရှိကြတော့ဘူး။

## ပေးသမျှ-ကမ်းသမျှ။

ဒါကြောင့်-စစ်ပြီး ကတည်းက အင်္ဂလိပ်တွေဟာအာရှ တိုင်းပြည်တွေက အထုပ်ထမ်းပြီး ပြေးရတော့မဲ့ဘဝရောက် နေကြတယ်။ ဒါကိုလဲအာရှတိုင်းပြည်တွေကသိကြတယ်၊သိ တဲ့ အတိုင်းသဲ၊တခြားတိုင်းပြည်တွေကမလျှော့တဲ့ အရေး ဆိုကြတယ်၊အိန္ဒိယ-အီဂျစ်-ပါလက်စတိုင်းတို့ဆိုရင်အင်္ဂလိပ် ကဈေးဆစ်တာတောင်-တရွေးသားမှမခံကြဘူး၊ ရှိတဲ့ နိုင်ငံ တွေအားလုံးထဲမှာ၊ဦးအောင်ဆန်းတို့တဦးတည်းကသာ- အင်္ဂလိပ်ကပေးသမျှကို၊ထင်းတိမ်ပြီးသဘောတူ လက်မှတ် ထိုးခဲ့ကြတယ်၊

## လူကျော်ခွေးကျော်။

ရာဇဝင်ကိုကြည့်ရင်-နှစ်ပေါင်း ၃၀၀ အတွင်းမှာ—အာ ရှလို-လူကျော်-ခွေးကျော်-အမျိုးမျိုးအကျော်ခံရတဲ့ဘဝကို ဘယ်တုန်းကမှ၊အင်္ဂလိပ်တွေမရောက်ခဲ့ဘူးဘူး၊ ကျုပ်ပြော တာမှန်သလား။မှားသလားဆိုဒါကိုသိချင်ရင်၊ ဗမာပြည်မှာ ရှိတဲ့အင်္ဂလိပ်တွေရဲ့မျက်နှာတွေကိုသာကြည့်လိုက်ကြတော့။

## ခေတ်သစ်အင်္ဂလိပ်နယ်ချဲ့ဝါဒ

## အင်ပိုင်ယာ ၂ မျိုး ၂ စား။

ဒီလိုပျက်စီးရမဲ့အခါမျိုးရို့။အင်္ဂလိပ်ကဘယ်လိုကျော့ညွှာ

လိုက်သလဲ။ရိပ်မိကြရဲ့လား။ဒီလောက်မှအကောင်းမပေါ်ရင် ဗမာတွေ၊ကိုယ့်လွတ်လပ်ရေးတွေ-ကိုယ့်စီးပွါးရေးတွေ-ဘာကြောင့်လုပ်ချင်နေကြသေးတုံး။ကမ္ဘာ့ကိုအင်္ဂလိပ်ဟာအရင်ကလိုလက်ဝါးကြီးအုပ်ပြီးအုပ်ချုပ်မထားနိုင်တော့၊—သူတို့ဟာသူတို့ရဲ့အင်ပိုင်ယာအဟောင်းနေရာမှာအင်ပိုင်ယာအသစ်ထူထောင်နေကြပြီ၊စစ်မဖြစ်ခင်ကတော့-သူတို့အင်ပိုင်ယာဟာခုလဲတမျိုးလဲ-ထူထောင်ထားကြတယ်။ဒီအင်ပိုင်ယာဟောင်းကြီးဟာ၊ကမ္ဘာကိုလွှမ်းမိုးခဲ့တယ်။ ဟိုတုန်းကတော့ သူတို့အားရှိလို့-အင်ပိုင်ယာကြီးကိုထိမ်းသိမ်းနိုင်တယ်။ခုခေတ်မှာတော့-သူတို့ဟာ-ဟိုလိုကြီးမားနှံ့ပြားတဲ့- အင်ပိုင်ယာကြီးကိုထိမ်းသိမ်းထားနိုင်တဲ့အားမရှိတဲ့ဘဝ ရောက်နေတော့—ဟိုအင်ပိုင်ယာဟောင်းတမျိုးတဲ့အစား- အင်ပိုင်ယာသစ် နှစ်မျိုးနှစ်စား။ထူထောင်ဘို့လုပ်နေတယ်။တမျိုးကအတွင်းစက်ဝိုင်းထဲမှာရှိပြီး သူတို့တိုက်ရိုက်အုပ်ချုပ်တဲ့တိုင်းပြည်တွေ။ ဥပမာ—အာဖရိကမှာရှိတဲ့နယ်တွေဘဲ။နောက်တမျိုးက—အပြင်စက်ဝိုင်းလို့ခေါ်နိုင်တယ်၊ဒီအပြင်စက်ဝိုင်းထဲက၊ တိုင်းပြည်တွေတော့။အင်္ဂလိပ်တွေဟာ အရင်ကလို တိုက်ရိုက်အုပ်စိုးဘို့အင်အါးမရှိတါကြောင့်-သူတို့ရဲ့အင်ပါယာထဲကထွက်ခွင့်ပေးပြီး။အပြင်နည်းနဲ့ကြီးစိုးဘို့စီမံနေတယ်၊ အပြင်နည်းဆိုတော့-ဆဲဒီတိုင်းပြည်များကိုလွတ်လပ်ရေးကိုစကါးနဲ့ပေးပြီး၊အတွင်းကြိုးအမျိုးမျိုး-စာချုပ်အမျိုးမျိုးနဲ့ ချိန်လှောင် ထားမယ်။ခုခေတ်စကားသုံးရရင်-ရုပ်သေး လွတ်လပ်ရေး နိုင်ငံတွေ-ရုပ်သေးခေါင်းဆောင်တွေ-မန်တီးပေးမယ်၊ ဒီအပြင်

စက်ရိုင်းဝမှာအရှေ့အာရှနိုင်ငံတွေဖြစ်တဲ့အိန္ဒိယ၊သီဟိုဠ်၊ ဗမာပြည်များပါမယ်။ဒီအင်္ဂလိပ်ရဲ့ခေတ်သစ်အင်ပိုင်ယာခံ နှစ်အတိုင်း။အင်္ဂလိပ်အစိုးရက–သူ့နယ် သူ့အင်ပိုင်ယာထဲ ကထွက်ချင်တဲ့တိုင်းပြည်တွေ ထွက်နိုင်တယ်လို့ အတိအ လင်းကျေညာလိုက်ပြီ။သည်တိုင်းပြည်တွေက သူ့အလိုအ လျောက်လက်လွှတ်တော့မယ်။ ဗမာပြည်ရောလဲ ဒီအတိုင်း ဗမာ့ဆန္ဒပြရင် လက်လွှတ်လိမ့်မယ်။

## ပေးသော်လည်း–မယူတတ်–မယူလို။

ကျုပ်တိတိလင်းလင်းပြောလိုက်မယ် အင်္ဂလိပ်ဟာအိန္ဒိ ယနဲ့ဗမာပြည်များကိုလက်လွှတ်ပြီး ဗမာရိုကတိုက်နဲ့ဒီမြင် နီးစပ်တဲ့နယ်တွေမှာအားရုံပြီး–သူတို့ရဲ့အလွှင်းစီးပိုင်းအင် ပိုင်ရာသစ်ကိုခိုင်မြဲအောင်လုပ်လိမ့်မယ်၊ဒါကြောင့်မို့ ဗမာ့ လွတ်လပ်ရေးဟာ လှုယ်နေပြီ ပေးတဲ့လူက ကမ်းပေးနေပြီ၊ ယူတဲ့လူကမယူတတ်ကြလို့ဖြစ်စေ–လွတ်လပ်ရေး အစစ် နဲ့အတုမခွဲတတ်ကြလို့သော်လည်းဖြစ်စေ–လိုမှမလိုက်တမင် မခွဲချင်လို့ဖြစ်စေ–ဒါတွေကြောင့်ရှုလိုက်တော်မြောနေတာဘဲ၊

## အောင်ဆန်းရဲ့ကံ။

ခေါင်းဆောင်ဆိုတာ–ကိုယ့်ဘက်ကအောက်ကျိန်ပြီး အ လုပ်လုပ်တတ်ရတယ်။မလုပ်တတ်ရင်၊ဒီခေါင်းဆောင်ဟာ ရန်သူဘဲ။အင်္ဂလိပ်ရဲ့အခြေခံဦးကြီးကိုတော့ပြောပြီ။ဗမာ့ အခြေအကြောင်းကိုကြည့်ကြစို့။အင်္ဂလိပ်အက်တလီနဲ့–ဗ မာအောင်ဆန်းတို့ တွေ့ဆုံတဲ့အခါမှာ–ဦးအောင်ဆန်း

အခြေအနေကိုကြည့်လျှင်-သူ့လောက်ကံကောင်းပြီး-အခွင့်ရခဲ့တဲ့ လူမရှိသလောက်ဘဲ။ ဗမာတပြည်လုံးက၊လွတ်လပ်ရေးအတွက်ဆိုရင်-သွေးနဲ့ဖြစ်ဖြစ်- ချွေးနဲ့ဖြစ်ဖြစ်-လဲကြဖို့အသင့်ရှိနေတဲ့ အခြေ-လူမပြောနဲ့-ခွေးကတောင်စကားထတ်ရင်လွတ်လပ်ရေးတောင်းမဲ့အချေ။သူ့ကိုရှိသမျှအားကိုသွန်ပြီး ပေးအပ် လိုက်တဲ့ အခြေတွေနဲ့ — အင်မတန်ကိုအားရှိတဲ့အခြေမှာရောက်နေတယ်၊တိုတိုဆိုရင်အင်္ဂလိပ်ကအခြေဆိုးသလောက်—ဗမာကအခြေကောင်းနေတယ်။

## ပွဲဦးထွက်တွင်-ဗမာသွေးထွက်ခြင်း။

ကဲ နှစ်ဦးနှစ်ဘက်သည့်လိုအခြေမှာတွေ့ကြတယ်၊ တွေ့တွေ့ခြင်း-အင်္ဂလိပ်ကဘယ်လိုပွဲဦးထွက်ကထဲကစပြီးအနိုင်ယူလိုက်သလဲ။သူ့အားနဲ့တာကိုဘယ်လို ဉာဏ်နဲ့ဖဲ့လိုက်သထဲကြည့်ကြ၊ပဌမသွေးခွဲ့ပွဲကိုဘီလပ်မှာလုပ်ခိုင်းတယ်၊ဒုတိယ-ဗမာကိုယ်စားလည်တွေကို သူတို့ကိုယ်တိုင် ရွေးဆိတ်တယ်၊တတိယ—အစည်းအဝေးအစီအစဉ်ကို—သူတို့ကိုယ်တိုင် လုပ်ပြီးတော့—ရက်တွေ ဘာတွေကိုလဲ။ သူတို့ကိုယ်တိုင် ကန့်သတ်လိုက်တယ်၊အားနဲ့နေတဲ့ အင်္ဂလိပ်ကအားကြီးနေတဲ့ဗမာကိုသူ့ အလိုအတိုင်းလုပ်ခိုင်းလိုက်တယ်အားကြီးနေတဲ့ ဗမာကကိုယ့်အားကိုကိုယ်မသိဘဲ။အင်္ဂလိပ်ပြောတဲ့ အတိုင်းလုပ်လိုက်တယ်။ဘီလပ်ထိုကြွားတာနဲ့ ထမြိုင်ထဲ—အင်္ဂလိပ်—ဘောင်းဘီတွေ လုချုပ်ကြထာဘဲ၊ဒါတွေကြောင့်-ပွဲဦးထွက်ကထဲက-ဗမာဘက်က သွေးထွက်တာထဲအင်္ဂလိပ်အမိုးရကဓါလိုသွေးနွေးပွဲကို,ဘီလပ်မှာလုပ်ထို

စိစဉ်တယ်လို့ကြားတုံးကဘဲ—ကျုပ်ဟာလေးနက်စွာစဉ်းစားကြဘို့သတိပေးခဲ့တယ်။ပွဲဦးထွက်မှာ ဒီလိုအရှုံးမပေးဘို့သတိပေးခဲ့တယ်။ဒါပေမဲ့ -သူတို့တို့တော့ဘိလပ်ကိုရေခံဘူးအောင်သွားရေးကတိုးပြီးတော့အရေးကြီးခဲ့တယ်။

### မတွက်တတ်သဖြင့်-တပါတ်ရိုက်ခံရခြင်း။

ဒီလို-ဘိလပ်ကိုဘိတ်တဲ့သဘောကတော့-အင်္ဂလိပ်က-သူတို့တိုင်းပြည်ကိုခေါ်ပြီးသူတို့အကြိုက်လုပ်ခိုင်း တာဘဲ။ ဒါကိုဗမာတွေက—သူတို့အင်အား ဘယ်လောက်ကြီးထယ် အင်္ဂလိပ်အင်အားဘယ်လောက်သေးတယ်။ကမ္ဘာ့အင်အား ဘယ်ဘက်ကရှိတယ်။ဘာတခုမှ မသိဘဲ—မတွက်ဘဲလုပ်လိုက်တယ်။ဗမာ့အရေးဟာ ဒီကစပြီးရှုံးတာဘဲ၊ စချုပ်-ချုပ်ရမဲ့အခါကျတော့မဆယ်နိုင်တဲ့ဘဝသောက် ရောက်နေပြီ။အင်္ဂလိပ်ဟာရာဇဝင်နဲ့ဒီလိုအတန်းမရှိတဲ့လူစားများကို :ဖျားယောင်းပြီးအမြဲအုပ်စားနေတယ်ဆိုတာ။ကမ္ဘာကသိကြတာဘဲ၊

### အင်္ဂလိပ်—အောင်ဆန်းစာချုပ်အဓိက ၂ ချက်။

ကဲ-အင်္ဂလိပ်အောင်ဆန်းစာချုပ်အကြောင်း ကျုပ်ပြောပြမယ်၊နက်နက်နဲနဲနှိုက်ပြောရင် ဆုံးတော့မှာမဟုတ်တော့ဘူး။ဒါကြောင့်-အဲဒီစာချုပ်ရဲ့အဓိကအချက်ကြီး၂ချက်ကို သာဘော်ပြမယ်၊

### ပဌမအဓိကအချက်-ဘုရင်ခံအာဏာပိုင် ဖြစ်သည့်စာချုပ်။

ပဌမဆုံးအချက်က-ဦးအောင်ဆန်း ကိုယ်တိုင်ထိုး ဝန်ခံ

ထားတယ်၊ အင်္ဂလိပ်ကလဲ ကျေညာထားတယ်၊ ဗမာတ ပြည်လုံးလဲသိနေကြတဲ့ကိစ္စဘဲ။ဘာလဲဆိုတော့။ ဒီစာချုပ်ဟာ ၁၉၃၅ခုနှစ်။ဗမာပြည်အုပ်ချုပ်ရေးဥပဒေနဲ့ ၁၉၄၅ ခုနှစ် ဗမာပြည်အုပ်ချုပ်ရေးဥပဒေ-ဆဲဗ်ီနှစ်ခုပေါ်မှာ အခြေတည်တယ်။အဓိပ္ပါယ် ရှင်းရှင်းဆိုရင်-အင်္ဂလိပ် အစိုးရကိုလုံးဝတာဝန်ခံရတဲ့ အင်္ဂလိပ်ဘုရင်ခံ အာဏာရှင်ဖြစ်တဲ့-အုပ်ချုပ်ရေးဘဲ၊ဦးအောင်ဆန်း လက်မှတ် မထိုးခင်ကအတိုင်းဆိုရင်-ဒီဘုရင်ခံအာဏာရှင် အုပ်ချုပ်ရေးဟာ ရွေးကောက်ပွဲပြီးတာနဲ့ တပြိုင်နက်ရုပ်သိမ်းရမယ်၊အခုအင်္ဂလိပ် အောင်ဆန်းစာချုပ်ကြောင့် ဗမာ့လွတ်လပ်ရေး မရမခြင်းတည့်နေမယ်တဲ့၊ဒါဟာ-စာချုပ်ထဲက အတိုင်းဘဲ။ ဒီစာချုပ်ကိုသေသေချာချာစဉ်းစားရင်-ပုလိပ်အဖွဲ့ဥက္ကဋ္ဌဦးဝမ်းမောင်ရဲ့ စကားအတိုင်း"ဝါးလေ-ခါးလေ"ဘဲ၊

ဒီစာချုပ်ကိုရှေ့တိုးပြီး-အပိုင်းလေးပိုင်းခွဲစိတ်ပြီးကြည့်ရင်-သာပြီးဆိုးသေးတယ်။ပဌမအပိုင်းက- အုပ်ချုပ်ရေးအဖွဲ့။ဒီအဖွဲ့ဟာရှေးကလို-ဝန်ကြီးချုပ်အဖွဲ့မဟုတ်၊ အင်္ဂလိပ်ဘုရင်ခံရဲ့အတိုင်ပင်ခံအမတ်အဖွဲ့သာဖြစ်တယ်။ အင်္ဂလိပ်ဘုရင်ခံတဦးတည်းသာ။ အာဏာကုန်ပိုင်တယ်။ ဒီအတိုင်ပင်ခံအဖွဲ့ဟာလဲ,ဘုရင်ခံကိုသာတာဝန်ခံရတယ်၊တိုင်းသူပြည်သားများကို၊တာဝန်ခံရတဲ့ အဖွဲ့မဟုတ်၊ဒုတိယ အပိုင်းက-လာမည့်တိုင်းပြုပြည်ပြု လွှတ်တော်ကလဲ- ဘုရင်ခံ တဦးတည်းအာဏာကုန်ပိုင်ပြီး၊ အုပ်ချုပ်မဲ့ စာရေး လွှတ်တော်ဘဲ၊သူတို့ရေးမဲ့ အုပ်ချုပ်ရေးစည်းမျဉ်းကို ဘုရင်ခံနဲ့

အင်္ဂလိပ်အစိုးရကသာသုံးဖြတ်ပြီး။ အတည်ပြုနိုင်မယ်။ တတိယအပိုင်းက-လာမည့်ဥပဒေပြုလွှတ်တော်ကလဲ- ဘုရင်ခံကရွေးပြီးခန့်မဲ့လွှတ်တော်ဘဲ။ ဥပဒေပြုတို့ . အာဏာ · ကတော့။ဘုရင်ခံတဦးတည်းပိုင်တယ်။ လွှတ်တော်အမတ်တွေက အကြံဉာဏ်ပေးယုံဘဲ၊ စတုတ္ထအပိုင်းဖြစ်တဲ့ တောင်တန်းနယ်တွေ ကိစ္စမှာလဲ—ဗမာ့အလိုအတိုင်း မဟုတ်ဘဲ-တောင်တန်းနယ်တွေအလိုအတိုင်းသာဖြစ်ရမယ်တဲ့။ သူတို့ဝင်ချင်ဝင်-မဝင်ချင်နေနိုင်တယ်တဲ့၊ တိုတို ပြောရရင် ဗမာများရဲ့ ရေ့ကံကြမ္မာဟာ-သူတို့လက်ထဲမှာလိုလို ဖြစ်နေတယ်။ဒါကအင်္ဂလိပ်ရဲ့ အရင်းခံဝါဒကြီးအတိုင်းဘဲ၊ ဒါကိုဦးအောင်ဆန်းစာချုပ်ကလက်ခံခဲ့တယ်။အဲဂျစ်-ပါလစ်စတိုင်း-အိန္ဒိယ—ဗ ယက်နမ်မှာဆိုရင်။ ဒီလို ဝါဒမျိုးကို တိုက်ပွဲဆင်ပြီးချခံနေကြတယ်

## ကလေးစာချုပ်။

ဒါတွေနဲ့တောင်အင်္ဂလိပ်ပဲအောင်ဆန်း စာချုပ်ကြောင့်။ အိန္ဒိယနဲ့အတန်းတူသွားပြီထို့-မရှက်ဘဲ ပြောနေကြသေးတယ်။ဒီစာချုပ်ကိုအိန္ဒိယမှာထုတ်တဲ့တိုင်းရင်းသား သတင်းစာတိုင်းကလိုဘဲ၊ခလေးစာချုပ်လို့ပြောင်နေကြတယ်၊

## အာဏာမရှိသောဗမာ့ပြည်သူ့လွှတ်တော်၊

အိန္ဒိယကပြည်သူ့လွှတ်တော်ဟာ၊ ဥပဒေအရ တည်ထောင်တဲ့လွှတ်တော်ဆိုတာသိကြ။ . ဗမာရဲ့ ပြည်သူ့လွှတ်တော်က ဥပဒေအရတည်ထောင်တာ မဟုတ်ဘူးဆိုတာလဲသိကြ။ဒါကြောင့်-အိန္ဒိယမှာသူတို့သဘောရှေ့အချိ

သွင်းနိုင်တယ်။ဥပဒေအာတည်ပြုနိုင်တယ်၊အင်္ဂလိပ် အစိုးရ ကလဲ၊အိန္ဒိယပြည်သူ့လွှတ်တော်ကို၊အာဏာကုန်အတိအ လင်းပေးလိုက်ပြီး။ဗမာပြည်သူ့ လွှတ်တော်ကိုတော့— အာ ဏာကုန်မပေးဘူး။

**ဒုတိယအဓိကအချက်-ဗမာ့ဆန္ဒသုံးချက်**

**ဗမာကမရဘဲ-ကုလားကရသည်။**

ကဲ-အင်္ဂလိပ်အောင်ဆန်းစာချုပ်ရဲ့ဒုတိယ အဓိက အ ချက်ကိုပြောပြဦးမယ်၊ဦးအောင်ဆန်းဟာ-အင်္ဂလိပ် သွားပြီး ဘာကိုတောင်းတာလဲ။သူတို့-ဖ-ဆ-ပ-လ အဖွဲ့ကရော၊ဖ၊ ဆ။ပ၊လ။သတင်းစာတွေကရော။ ခုမှ—သူတို့ တောင်းတဲ့ အချက်တွေကိုမေ့အောင် အမျိုးမျိုးလုပ်နေကြပေမဲ့-ဗမာ တွေရော—ကမ္ဘာကရော-မမေ့ဘူးနော်။ဘာတွေ တောင်း သလဲ၊

၁၊ ၊ဗမာ့လွတ်လပ်ရေးကို—တနှစ်အတွင်း ကန့်သတ် ပေးဘို့။

၂။ မှ တိုင်းပြုပြည်ပြုလွှတ်တော်ကို ဗမာသာ ဖြစ်ပြီး အာဏာပိုင်ဖြစ်ဘို့၊

၃၊ ။အာဏာပိုင်အစိုးရ-တလအတွင်းဖြစ်ဘို့၊

ဆဲဒီသုံးချက်ဘဲ။ဒါတွေကိုအခုတော့—သူတို့သတင်းစာ အားလုံးက-ဖုံးထားကြတယ်၊ဒါပေမဲ့ဗမာတွေ မမေ့ဘူး။ သွားခါနီးတုန်းကလဲ-အင်္ဂလိပ်သွားမယ်-ဒါတွေတောင်းမယ်။ မရရင်ရှုမယ်-ချရင်လဲနိုင်မယ်- အသင့်ပြင်ထားကြ၊ ဘာ

ဖြစ်မယ်မသိဘူး။သပိတ်တွေမှောက်ထားနှင့်ကြဲသိုပြီး၊ဗမာ တမျိုးလုံးကိုရိုက်ပြီးခိုင်းသွားတယ်မဟုတ်လား။

ဟိုရောက်တော့ကောဗမာ့ဆန္ဒ-၃ချက်ကို တောင်းသ တဲ့ထား၊ကျုပ်ကိုမမေးနဲ့-ဦးအောင်ဆန်းကိုမေး။ ရခဲ့သ လား၊ကျုပ်ကိုမမေးနဲ့-စာချုပ်ကို ကြည့်ကြ။ တောင်း မ တောင်းသိချင်ရင်-သူတို့နဲ့အတူတူပါသွားတဲ့ သခင်ဗစိန် တို့သိတယ်။မရခဲ့ဘူးဆိုတာကတော့၊စာချုပ်ကိုကြည့်ထိုသိ ရတယ်။

ဆဲဒီလို-ဗမာ့လိုလားချက်မရတဲ့စာချုပ်ကို သဘောတူ လက်မှတ်ထိုးခဲ့ယုံမကသေး။ဦးအောင်ဆန်းက၊ဗမာတွေကို အတင်းလက်ခံခိုင်းနေတယ်။မျက်စိမှိတ်ပြီးလက်ခံကြပါတဲ့ ယုံကြပါတဲ့။အခုတော့ဗမာတွေမရခဲ့တဲ့အချက် ၃ချက်စ လုံးကိုအိန္ဒိယလက်ထဲ အင်္ဂလိပ်က၊အတိအလင်းထည့်ပေး နေပြီမဟုတ်လား။အိန္ဒိယမှါတော့မျက်စိမှိတ်ပြီးမယုံခိုင်းဘူး အတိအလင်းစာချုပ်နဲ့ပေးလို့ရမှာသာယုံကြတယ်။ သူတို့ရ တဲ့အချက်တွေက......

၁။ ။၁၉၄၈ ခု။ဇွန်လမတိုင်မှီ။ အာဏာကုန်လွှဲကာ လွတ်လပ်ရေးပေးမယ်။

၂။ ။အိန္ဒိယ ပြည်သူ့ဖွက်တော်က ရေးဆွဲမဲ့အခုပ် ချုပ်ရေးကိုလုံးဝထောက်ခံမယ်။

၃။ ။လက်ရှိအုပ်ချုပ်ရေးကိုလဲ၊ဥပဒေနဲ့ အမြန်ဆုံးပြု ပြင်ပေးမယ်။ဒါကို-အင်္ဂလိပ်နန်းရင်းဝန် အက်တလီ ကိုယ် တိုင် ကျေညာချပြီ မဟုတ်လား။ ဆဲဒီဟာကိုလဲ၊လက်စုံ-

လက်ျာပေါ်-စုံတင်ပြီး စဉ်းစားကြတော့၊ တဘက်ကာဗမာ ၃ချက်မရ - နောက်တဘက်ကအိန္ဒိယ- ၃ ချက်ရ—ဆိုတာ တင်ပြီး၊သေသေချာချာစေဘနိုကြတော့။

အရပြုလုပ်မယ်ဆိုတဲ့ဗမာ့ ရွေးကောက်ပွဲဟာလဲ။ လို တာမရတဲ့စာချုပ်ကိုအတည်ပြုဘို့လုပ်တါတဲ့'နောက်ထပ် ဒါတွေသာဆက် ပြောရရင် မကုန်နိုင်-မဆုံးနိုင်တော့ဘူး။ ခတ်တိုတိုဘဲ။

## အိန္ဒိယနဲ့မတူတဲ့စာချုပ်။

အိန္ဒိယနဲ့မတူတဲ့အကြောင်း။ အနည်းငယ် ပြောပြခုံး မယ်။

အိန္ဒိယမှာဘယ်လိုအုပ်ချုပ်တယ်ဆိုတာ-နားလယ်ကြ စမ်းပါ၊အိန္ဒိယမှာ သီးသန့် နယ်ကလေးတွေရှိတယ်၊ အဲဒီ မှာဘုရင်ခံမအုပ်ရဘူး၊မဆိုင်ဘူး။ကျန်တဲ့ နယ်ကြီးပေါင်း (၁၁)နယ်မှာ၊၁၉၃၅-ခုနှစ်-ဥပဒေနဲ့တဲ့အုပ်ချုပ်နေရတယ် သူတို့ရဲ့ဝန်ကြီးအဖွဲ့နဲ့၊ အာဏာနဲ့—အုပ်ချုပ်နေတယ် ၊ဗ ဟိုရုံအုပ်ချုပ်ရေးအဖွဲ့မှာသါ၊ဘုရင်ခံချုပ်တဦးရှိနေတယ်၊ ဗမာပြည်မှာလို၊ထင်း၊စါး၊ကိစ္စအထိ၊အာဂ်လိပ် ဘုရင်ခံက အုပ်ချုပ်နေတာမဟုတ်ဘူးဆိုတာသိကြစမ်းပါ။

## ခုမချပေမဲ့-နောက်ချပါမယ်တဲ့။

သူတို့ကပြောလေ့ရှိတယ်-စောင့်ပါခုံး၊ ချမှာပေါ့၊လုပ် မှာပေါ့-ဒီပွဲမှာပြေးခဲ့ပေမဲ့၊ရှေ့ပွဲကျမပြေးပါဘူးဆိုတဲ့-စ ကားတွေ၊ဒါတွေကို နဲနဲသတိပေးခဲ့မယ်။ အားစုထယ် ဆို တောဟာ၊တဘက်သတ်ရထိုရတတ်သထား။ဗမာထောအားရ

နေတာကိုအင်္ဂလိပ်ကလက်ပိုက်ပြီးကြည့်နေမတဲ့လား။နိုင်ငံကြီးနဲ့ နိုင်ငံငယ်မြို့ပြီး၊အားရကြစတမ်းဆိုရင်-ရာဇဝင်အရနိုင်ငံကြီးကမိုပြီး စုနိုင်တယ်ဆိုတာ ရှင်းနေသားဘဲ၊အင်္ဂလိပ်ချိုင်းနားမှာကြည့်။ဖြင့်သစ်တွေဟာ တနှစ်အားစုပြီး၊ ဗမာ ယက်နမ်ကိုနှိမ်နင်းနေတယ် အင်ဒိုနီးရှားမှာကြည့်ဒုံးဒတ်ချ တွေဟာ–အားစုပြီးမှ အင်ဒိုနီးရှင်းတွေကိုချနေတယ်။

## တကယ်ချမယ်ဆိုလျှင်။

ကျုပ်အတိအလင်းသတိပေးခဲ့မယ်။အားရှိတဲ့ အခါမှာ လုပ်ရင်လုပ်။မလုပ်ရဲရင်၊ဘယ်တော့မှ မအောင်ဘူး မှတ်ထား၊နိုင်ငံရေးမှာရော-စီးပွားရေးမှာရော-အုပ်ချုပ်ရေးမှာရော-စစ်ရေးမှာရော-အရေးအကြီးဆုံးဟာ(အချိန်)ဘဲ၊လုပ်နိုင်ရင် ချက်ခြင်းလုပ်ကြဒါဘဲ။တကယ်ချမဲ့လူဆိုရင်၊ ကိုယ့်စစ်ထပ်-ကိုယ့်လက်နက်ကို၊ရန်သူ့လက် မအပ်ဘူး၊ တိုင်းပြည်မှာရှိသမျှ လက်နက်ကိုနည်းမျိုးစုံနဲ့ မသိမ်းဘူး။ကိုယ့်ဘက်ကချနေတဲ့လူတွေကိုအင်္ဂလိပ်တပ်၊ကုလားတပ် အမျိုးစုံသုံးပြီးအစွမ်းကုန်အားနဲ့ ဘိပြီးမနှိမ်ဘူး၊ရန်သူနဲ့-ထမင်းစား-အရက်သောက်-မလုပ်ဘူး၊သဘောတူစာချုပ်တွေ မချုပ်ဘူး၊ဗမာ့အားကိုအမျိုးမျိုးပျက်အောင်၊လူကြီးနဲ့ လူငယ်ရန်တိုက်မပေးဘူး။ဗမာတွေအားပျက်မဲ့အလုပ်တွေ-လက်နက်မဲ့ဘဝရောက်မဲ့အလုပ်တွေ-စိတ်သဘောထွေ ကွဲကြ၊ မြကြကုန်မဲ့ အလုပ်တွေမလုပ်ဘူးလို့မှတ်သိကြ။

## လိမ်နိုင်မှစောင်တယ်လို့ထင်နေကြတယ်။

သူတို့ကလူထု-လူထုနဲ့ ခြောနေတယ်၊လူထု အင်အား

ကိုတကာယ်အားကိုးရင်ဘာဖြစ်လို့ဘိလပ်သွားပြီး စာချုပ်သေးသလဲ၊ လူထုကိုတကာယ်အားကိုးရင်-အင်္ဂလိပ်နဲ့ စာချုပ်မချုပ်နဲ့၊ အင်္ဂလိပ်နဲ့ စာချုပ်ခဲ့မိရင်လဲ။ ချုပ်ခဲ့တဲ့ လူတွေကဖျက်ပစ်မယ်လို့ မပြောနဲ့၊ ဟာစ်တလာတို့၊ မူဆိုလိနီတို့ဘာလဲ၊ စာချုပ်တွေချုပ်လိုက်-ဖျက်ပစ်လိုက်လုပ်လို့ ပြုတ်ခဲ့ကြတာတဲ့။ ဒါ်လို-ဘာလိမ်ကျပြောတာတွေ အခုခေတ်မှာတယ်တော်တယ်လို့။ တချို့ဗမာခေါင်းဆောင် တွေက ထင်နေကြတယ်၊ ဘယ်သူကိုဘယ်လိုလိမ်လိုက်မယ်သာ ဆိုတယ်၊ တကာယ်တန်းလုပ်ကြတော့။ ကိုယ်ဘဲ အလိမ်ခံရ တာဘဲ မဟုတ်လား။

ပရိယာယ်ဆိုတာဟာလိမ်တာဘဲ။ အင်္ဂလိပ်တွေကလိမ်ချင်ရင်-ခုလိုပြောမနေဘူး၊ လိမ်ချင်ရင် ဗျည်းပတ်ပြီးစာချုပ်နိုင်းတာဘဲ၊ အင်္ဂလိပ်သွားပြီးလိမ်ခဲ့တာ၊ ဗမာဘဲထိလာ ခဲ့ပြီ မဟုတ်လား၊ သူတို့ဟာက ဗမာအချင်းချင်းကြမှ လိမ်နိုင်တာပါ။ အာရှလူမျိုးအချင်းချင်းမှ သွေးထွက်အောင်လိမ်နိုင်တာပါ။ ခုသိကာ၁၁ သိအောင်စာချုပ်ချုပ်လာခဲ့ပြီးမှစာချုပ်အတိုင်း၊ သူတို့မလုပ်ရင်၊ အမေရိကန်-ရုရှားတို့ကဗမာ့ဘက်ကနေမယ်များထင်သလား။ တာကမ္ဘာလုံးဟာ၊ အင်္ဂလိပ်ဘက်ပါသွားမှာသိကြရဲ့လား၊ ဟာစ်တလာတို့၊ မူဆိုလိနီတို့၊ ဒီလမ်းအတိုင်းခံခဲ့ကြရတယ်မဟုတ်လား။

## ကျားသေခုတ်ပွဲတွေ။

ဦးအောင်ဆန်းဘပွဲမပြီးသေးပါဘူး၊ စောင့်ပါဦး၊ ချုပ်မယ်လို့ဆိုတာတွေနဲ့ ပတ်သက်ပြီးတော့။ ကျုပ် အခုညီး

ငယ်မျှဖြာခံရမယ်၊ ကျုပ်တဲ့တဲ့ဘဲ ပြောမယ်။ ရတိုင်အောင်
ဦးအောင်ဆန်းနဲ့ သူလို ခေါင်းဆောင်တွေ လုပ်ခဲ့တဲ့ အလုပ်
တွေဟာ တိုတို ဆိုရင် - ကျွားသေကို ရိုင်းချတ်တဲ့ ပွဲတွေ
ဘဲ။ ဂျပန်ဝင်လာပြီး အင်္ဂလိပ်ပြေးတော့၊ အင်္ဂလိပ်ကိုကျွား
သေဆိုပြီး၊ နောက်ပိုင်းက ဗိုင်းချတ်တာဘဲ။ ဒီနည်းအတိုင်း၊
အင်္ဂလိပ်ဝင်လာပြီး။ ဂျပန်ပြေးရတော့လဲ၊ ဂျပန်ကိုကျွား
သေဖြစ်ပြီဆိုပြီး။ ဝိုင်းချတ်တာဘဲ၊ ကျုပ်တို့သူထောင် လိုက်
တဲ့၊ ဗမါနိုင်ငံတော်ကြီးကိုလဲ။ ကျွားသေဆိုပြီးအင်္ဂလိပ်ဘက်
ကဝိုင်းချတ်တာဘဲ။ နောက်ဝင်လာစကား၊ အင်္ဂလိပ်ဟာ ကျွား
သေမှန်း-ကျွားရှင်မှန်းမခွဲနိုင်သေးတုန်းကတော့။ ၂နှစ်
တိုင်တိုင်-အင်္ဂလိပ်အရေးကြုံတဲ့ အခါတိုင်း၊ ဘယ်လို စစ်
တပ်တွေအပ်-လက်နက်တွေအပ်- သပိတ်တွေမျက်၊ ရာ
ထူးတွေလက်ခံ၊ ချွင်းချက်မရှိဘဲ၊ အင်္ဂလိပ်ကို၊ ဗမာပြည် ပြန်
လာနိုင်အောင်ကူခဲ့တဲ့ အတိုင်းဆက်ပြီးကူနေတာကို ဗမာ
များသိကြတယ်မဟုတ်လား။ ဘီလပ်သွားပြီးစာချုပ် ချုပ်
တာလဲ၊ အင်္ဂလိပ်ဟာ-သေမှန်းရှင်မှန်းကို၊ သူမခွဲနိုင်လို့
သာ၊ ချုပ်ခဲ့တာဘဲ၊ သူတို့ပေးတဲ့ ရက်ချိန်း တွေကိုပြောင်
ပြောင်ကြီးဖျက်ခဲ့လိုက်တာလဲ၊ ဒါ့ကြောင့်ဘဲ။ ကျုပ်အတိအ
လင်းပြောနိုင်တာဘဲ။ ဒီခေါင်းဆောင်ချုပ်ဟာ။ နောက်ကာရေ
ဇဝင်ရှိခဲ့တဲ့ အတိုင်း၊ ငရှုကိုလဲ လုပ်သွားမှာဘဲ။ သေးသေ
နိုင်မယ် ဆိုမှ သာထွက်ကြမှာဘဲ၊ ကျွားကြီးသေပြီဟ ဆိုမှ
ထွက်ပြီးချတ်ကြမှာဘဲ၊ ကျွားရှင်နေသမျှ-ချော့ပေါင်းမှာဘဲ။

## ပွဲမပြီးသေးဘူးတဲ့။

ဦးအောင်ဆန်းတို့က-ပွဲမပြီးသေးပါဘူး၊ စောင့်ကြည့်ပါအုံးဆိုတာဟာ၊အထူးဘဲအံ့သြဘို့ကောင်းလဲ့စကားဖြစ်တယ်၊သူတို့ဘိလပ်သွားတာဟာ၊အင်္ဂလိပ်နဲ့လုပ်ရမဲ့ကိစ္စကို၊ပြီးပြီးပြတ်ပြတ်လုပ်ဘို့မဟုတ်ဘူးလား။အလုပ်မပြီးပြတ်ရင်သော်၎င်း၊သူတို့တောင်းဆိုချက်၃ချက်ကိုမရရင်သော်၎င်း။ဇန္နဝါရီလကုန်ရင်ထွက်မယ်၊တိုက်မယ်ဆိုတာဟာ၊ပြီးပြတ်အောင်လုပ်မယ်လို့၊တိုင်းပြည်ကိုသစ္စာပြုတဲ့စကားမဟုတ်ဘူးလား။ဒီလိုအတိအလင်းပြီးပြတ်အောင် လုပ်မယ်လို့၊ နိုင်ငံကိုသစ္စာပြုပြီးမှ၊ ပြီးပြတ်အောင်မလုပ်တဲ့အပြင်၊အင်္ဂလိပ်နဲ့ စာချုပ်ခဲ့တာ၊ ဘယ်လိုသဘောလဲ။ နောက်မှကြည့်လုပ်မယ်ဆိုတာဟာ၊ဗမာနိုင်ငံရေးမှာ၊ ခေတ်ဟောင်းခေတ်ဆွေးတွေတုန်းကအင်္ဂလိပ်ဘက်သားတွေအမြဲသုံးပြီး၊တိုင်းပြည်ကိုအမြဲရောင်းစားခဲ့တဲ့၊ပရိယာယ်တွေဆိုတာမမေ့ကြနဲ့။ခေတ်ဟောင်း၊ခေတ်ဆွေးအတိုင်း၊ အင်္ဂလိပ်ရဲ့ခေတ်သစ်ဘက်တော်သားတွေကလဲ- တပုံထဲ လုပ်နေကြတာဘဲ၊

## ခွတုတ်ဘို့အကြံ။

သူတို့ဟာ-ဘယ်လိုစဉ်းစားနေတယ်ဆိုတာ၊တိုင်းပြည်ကရိပ်မိကြ၊ဦးအောင်ဆန်းတို့ထွက်တာက၊ အင်္ဂလိပ်ဟာ၊အိန္ဒိယကိုလွတ်လပ်ရေးပေးသလို၊ ဗမာပြည်ကိုလဲ တသနည်းနဲ့မဆိုလွတ်လပ်ရေးအတုအယောင်ကိုတော့ဖြင့်ပေးရတော့မှာဘဲ၊အထဲကဘာဘဲပါပါမပါပါ၊အခုပါကတော့၊လွတ်

လပ်ရေးနံမည်တပ်အားမှာဘဲ၊အင်္ဂလိပ်ကိုယ်တိုင်ကလဲ၊သူတို့နယ်ငဲ့မှာဆက်မနေချင်ဘဲနိုင်ငံတွေထွက်ကြဖို့ပြောနေတာဘဲ၊ဗမာများကလဲ၊လွတ်လပ်ရေးဆိုရင် ပြီးရော၊ ဘယ်လိုအစားလဲဆိုတာ၊ဝမ်းသာလုံးဆို့ပြီး မစဉ်းစား ကြတော့ဘူးလို့—ဦးအောင်ဆန်းတို့ကတွက်ကြတယ်၊ ဒီတော့ ထဘက်ကသူတို့ဟာ လွတ်လပ်ရေးရအောင်လုပ်ပေး နေတယ်လို့၊ဗမာများအပေါ်မှာ၊အသားယူနိုင် ကြမယ်၊ ဒီဖြင့် ထဘက်ကလဲ-ဘန်းပြလွတ်လပ်ရေးလဲ၊စိတ်ကြေမယ်လို့ အင်္ဂလိပ်များကိုကြေနပ်အောင်လုပ်နိုင်ကြမယ်။ တိုတိုပြောရရင်သူတို့ပြောနေကျစကားလုံးအတိုင်းပေါ်တို့ဟာငှက်ဘိုချိန်နေကြတာဘဲ။

အဆုံးမပေါ်ဘဲ-အခွင့်လွတ်လပ်ရေးသတိပြု။

လွတ်လပ်ရေးအကြောင်းကိုဆက်ပြီးပြောချင်သေးတယ်။ ဒီကိစ္စနဲ့ ပတ်သက်ပြီးဗမာများသတိရိုက် မခံရအောင် အထူးသတိထားဘို့လိုတယ် ခုခေတ်ကြီးမှာ၊လွတ်လပ်ရေးဟာ၊အထူးဘဲထက ကမ္ဘာလုံးမှာခေတ်စား နေလို့၊ အဘက်ဘက်က၊စကားအနေနဲ့သုံးနေကြတယ်။ လွတ်လပ်ရေး သိုချင်တဲ့ လူများကလဲ၊ လွတ်လပ်ရေးသာ တောင်းကြတယ်။ ပေးရမဲ့ဘက်ကလဲ၊လွတ်လပ်ရေး စကားလုံးကို သုံးနေကြတယ်။ဥပမာဆိုရင်၊အင်္ဂလိပ်ဟာ၊အရင်ခေတ်တုန်းက သုံးခဲ့တဲ့ ဒိုမီနီယန်စတေးတပ်တို့၊ဟုမ်းရူးတို့ အစား။ အခုတော့ လွတ်လပ်ရေးဆိုတဲ့ စကားလုံးကိုသာ၊အများနဲ့ ရောပြီးသုံးကြတယ်။ဒါပေမဲ့-ဘမ်းပြတဲ့ စကားသာ ဖြစ်တယ် နေ့ဦး၊

လွတ်လပ်ရေးလို့ အပေါ်ကရေးထားတိုင်း၊ အရောင်ပြည့်မ ပြည့်ဘဲမယူကြဘို့အရေးကြီးတယ်။ နိုင်ငံနယ်ချဲ့သမားများ ဉာဏ်ကောင်းနေတာက၊ လွတ်လပ်ရေးဘန်းပြပြီး၊ ပြရုပ်နိုင်ငံတွေ၊ ရုပ်သေးအစိုးရတွေ ထူထောင်ပြီး လက်ဝါးကြီး ဆက်အုပ်ဘို့လုပ်နေကြတာ။ ဥပမာ-အင်ဒိုနီးရှားနဲ့၊ အင်ဒိုချိုင်းနားမှာလက်ငင်းဖြစ်နေတာဘဲ။ ကမ္ဘာကြားအောင် အပြင်နှာမည်တတ်ထားတာကတော့၊ လွတ်လပ်သော အင်ဒိုနီးရှားသမ္မတနိုင်ငံကြီးနဲ့၊ လွတ်လပ်သောဗီယက်နမ် သမ္မတနိုင်ငံတော်ကြီးတွေဘဲ။ အကယ်ဖြစ်နေတာကတော့၊ နယ်ချဲ့သမားတွေက ဆက်လက်ပြီးတော မျိုးနည်းနဲ့၊ ဒီ တိုင်းပြည်တွေမှာ ကြီးစိုးချင်တာကြောင့်၊ ထိုပြည်သူပြည်သား များကသက်နှတ်စိတ်ပင် သွေးချောင်းစီးအောင် ဆင်နေကြရတာမဟုတ်လား။ အဆံမရှိဘဲ အခွံလွတ်လပ်ရေး တွေကြောင့်မဟုတ်လား။

ဗမာ့လွတ်လပ်ရေးရမယ်လေ၊ တနှစ်အတွင်း ရမယ်လေးဆိုတာတွေ ပြီးအောင်ဆန်းတကြောဘို့မလိုပါဘူး။ အင်္ဂလိပ်ကတို့ဗမာလူမျိုးများကာ ရလိုအဆံမကျွဲဘဲ ဆက်အရေးဆိုရင်ပေးမှာပါဘဲ။ ဘန်းပြလွတ်လပ်ရေးလောက်တော့ ပေးမှာပါဘဲ။ ဒါပေမဲ့ တကယ့်ဗမာ့လွတ်လပ်ရေး၊ ဗမာများကာ မရိပ်မိနိုင်တဲ့ အတွင်းကြီး အပြင်ကြီးများ ရှုပ်ထွေးနေအောင် ချိန်ချောင်မထားတဲ့ လွတ်လပ်ရေးမျိုးမှသာ၊ လွတ်လပ်ရေးအစစ်ဆိုတာကို မျက်ကြောမပြတ်အောင်ဂရုစိုက်ဘို့လိုတယ်

ဒီလိုလွတ်လပ်ရေးအစစ်ကို၊ဒီလိုအင်္ဂလိပ် အောင်ဆန်း စာချုပ်မျိုးနဲ့ တော့ဘယ်ဘာဝမှမရနိုင်၊

## လွတ်လပ်ရေးအစစ်ရနိုင်သောနည်း

ကဲ-ဒီလိုလွတ်လပ်ရေးအစစ်ကို ဘယ်နည်းနဲ့သာ ရနိုင်တယ်ဆိုတာကို ကျုပ်ဆက်ပြီး ပြောပြမယ်၊ ကျုပ်ဟာမကောင်းတဲ့ အလုပ်တခုအကြောင်းကိုပြောရင် ကောင်းတဲ့ အလုပ်အကြောင်းကိုပြောပြရမဲ့ တာဝန်ရှိတယ် အင်္ဂလိပ် အောင်ဆန်းစာချုပ်မကောင်းဘူး ဆိုရင်-ဘယ်နည်းလမ်းဟာကောင်းသလဲ၊ထကဲ့လွတ်လပ်ရေးအစစ်ကို ဘယ်နည်းနှင့်သာရနိုင်သလဲ၊ကျုပ်ပြောပြမယ်၊တောင်တန်းနယ်တွေပါသောမဟာဗမာပြည်ကြီးတရလုံးကို၊လွတ်လပ်တဲ့ နိုင်ငံတော်ထို့လက်ငင်းချက်ချင်း အင်္ဂလိပ်က အသိအမှတ်ပြုရမယ်၊ ဒုတိယ-ဒီလို လွတ်လပ်တဲ့တိုင်းပြည် အနေနဲ့-မဟာဗမာနိုင်ငံတော်ကြီးက ကိုယ့်တိုင်းပြုပြည်ပြု လွှတ်တော်ကိုကိုယ့်စည်းကမ်းအတိုင်းခေါ်၍ ကိုယ့်အုပ်ချုပ်ရေး သစ်ကိုဆွဲပြီးကိုယ့်အာဏာနှင့်ကိုယ်ကြေညာရမယ်။တတိယဒီလိုမကြေညာမှီစပ်ကြားအင်္ဂလိပ်အစိုးရကသူတို့ လက်ထဲမှာရှိနေသေးတဲ့ဗမာပြည်အုပ်ချုပ်ရေး အာဏာနဲ့ လုပ်ငန်းများကိုစည်းကမ်းအတိုင်းဗမာများ လက်ထဲကို အပ်နှင်းရမယ်၊ ဒီလိုအပ်နှင်းခြင်းဟာလဲခုလအတွင်းမှာပြီးဖြတ် စေရမယ်၊ စတုတ္ထ—ကိုယ့်အုပ်ချုပ်ရေး စည်းမျဉ်းအတိုင်း မဟာဗမာအာဏာပိုင်နိုင်ငံတော်ကြီး ထူထောင်ပြီးမှ၊ ဗမာပြည်သူပြည်သား တွေက မဲဆန္ဒနဲ့ ခန့်လိုက်တဲ့ ဗမာအစိုးရသစ်နဲ့

အင်္ဂလိပ်အစိုးရတို့တန်းတူအနေအထားဖြစ်ရသည့်အခါ ... 

ဒီနည်းထက်ပိုကောင်းတဲ့လွှတ်လပ်ရေးအစစ်ကို ဗမာများလက်ဝင်းရနိုင်လိမ့်မယ်။ ဒီလို-အာဏာပိုင် တန်းတူအနေနဲ့မလုပ်ဘဲ၊ အင်္ဂလိပ် ကြီးစိုးနေတဲ့ အခါမှာလုပ်ရတဲ့ အလုပ်များဟာ၊ ဘယ်လိုပြုဘန်း ဖွဖွ-လွှတ်လပ်ရေး အစစ်မဖြစ်နိုင်။ ကျွန်အနေနဲ့လုပ်ရတဲ့အလုပ်ဟာ-ဘယ်လိုဘန်းပြပြ ကျွန်သဘောပေါက်မှာဘဲ။

## လွှတ်လပ်ရေးနှင့်စသောနည်းနှင့် ဆုံးသောနည်း

ကျုပ်ပြတဲ့နည်းလမ်းက တိုတိုဆိုရင် လွှတ်လပ်ရေးနဲ့စတဲ့ အလုပ်ဘဲ၊ လွှတ်လပ်ပြီးမှကိုယ်လုပ်ချင်တာလုပ်ဘို့ဘဲ။ ဦးအောင်ဆန်းတို့နည်းလမ်းကလွှတ်လပ်ရေးနဲ့ ဆုံးဘို့ဖြစ်တယ်၊ ဒါကြောင့်-ဘယ်တော့လွှတ်လပ်မယ်လဲမသိဘယ်လို လွှတ်လပ်မယ်လဲမသိ။ဘယ်လိုစချုပ်ရမယ်လဲ မသိ။ အင်္ဂလိပ်က ဘယ်လိုခြေထိုးရှုပ်ထွေးမယ်လဲမသိ၊ ဘာမှဗမာများ ဘာမသိဘဲ။ အင်္ဂလိပ်သဘောတူမှ ဖြစ်နိုင်တဲ့နည်းသာဖြစ်တယ်။ဒါကိုထူးထူးခြားခြားစဉ်းစားပြီးတော့ဘန် ကြတော့။

ကျုပ်ပြလိုက်တဲ့ လွှတ်လပ်ရေး လုပ်ငန်းဟာ မခက်ပါဘူး၊မဆန်းလဲမဆန်းပါဘူး။ အင်ဒိုနီးရှားတို့-အင်ဒိုချိုင်းနားတို့မှာဒီအတိုင်းဘဲလုပ်ကြလို့သူတို့ကိုအုပ်ချုပ်တဲ့ တိုင်းပြည်တွေကလိုက်လျှောခဲ့ကြရတယ်။ ရာဇဝင်မှာလဲ ဒီအတိုင်းပါဘဲ၊ ဒါတောင်မရှင်းကြ သေးရင် များမကြာမှီက

အိန္ဒိယသပြည်နဲ့ပါတ်သက်ပြီး။ အင်္ဂလိပ်နန်းရင်းဝန်အက်တလီကပြောတာကိုသတိရကြ။ ဘာပြောသလဲဆိုတော့ အိန္ဒိယမှာကွန်ဂရက်အစိုးရထွက်လိုက်လျှင်။ အိန္ဒိယ အုပ်ချုပ်ရေးပျက်သွားလိမ့်မယ်။ ဒီလိုပျက်တာကိုအင်္ဂလိပ်ကမခံနိုင်ဘူး။ ဒါကြောင့်အိန္ဒိယလိုချင်တာကိုပေးပမယ်တဲ့။ ဒီထက် ရှင်းအုံးမသား။ ဗမာပြည်လဲဒီလမ်းကို လိုက်ခဲ့ရင် ကိုယ်လိုချင်တဲ့စခန်းကိုရောက်မယ်ဆိုတာ—ဘာရှုတ်အောင် တွေးနေစရာရှိသေးသလဲ။ အင်္ဂလိပ်ကပေးဘို့အသင့်၊ ဗမာတွေ ယူရင်လဲရကြမှာဘဲ၊ ချက်ခြင်းရနိုင်တာဘဲ၊ ကျွားသေ ကြီးသာဒီထက်ပိုပြီး သေအောင် တန်ဆစ်စောင့်ပါအုံးလို့ ပြောဘို့မလိုပါဘူး။

## ငါးပြသုံးချိုတိုက်ခြင်း

လွတ်လပ်ရေး အစစ်အကြောင်းကို ထိုးရှင်းအောင်ဗမာများကိုယ်တွေ့ကြုံနေတဲ့ကိစ္စများကိုဖွဲ့ပြီးပြောအုံးမယ်။ ယခုကမ္ဘာတခုလုံးက လွတ်လပ်ရေးကိုစစ်တမ်း ထုတ်နေတဲ့အခါ လွတ်လပ်တဲ့လူမျိုးရဲ့ စီးပွါးရေးကိုအရင်းခံထားနေကြတယ်၊ ဗမာပြည်မှာလဲဒီအတိုင်းဘဲ သဘော ထားရမယ်။ ဗမာ့စီးပွါး အဝဝဟာ–ဗမာ့ လက်ထဲ လုံးဝ ဥဿုံလွတ်လပ်စွာရောက်ပြီး၊ စစ်ကြောင့် ပျက်စီးခဲ့တဲ့ ဗမာပြည်ကြီးကိုလွတ်လပ်စွာ ပြန်လည် ထူထောင်ဘို့ အရေးဟာလွတ်လပ်ရေးရဲ့အခြေအမြစ်ဘဲ။ ခုတော့–ဒီကိစ္စ တွေဟာအင်္ဂလိပ်အကြိုက်အတိုင်းလုံးဝပျောက်ကွယ်နေပြီ။ ဗမာများမမေ့သင့်တာက ကျုပ်တို့ တမျိုးလုံးကို အင်္ဂလိပ်တွေ

ရာဇဝင်မှာမကြုံဘူးလောက်အောင်ဘဲ၊ဓါးပြသုံးချီ တိုက်ခဲ့တယ်၊အင်္ဂလိပ်ဗမာပြည်ဖြန့်ရောက် ရောက်ခြင်း၊ ဗမာတမျိုးလုံး သုံးနေရာက၊ဂျပန်ငွေတွေကို တန်ဘိုးမရှိလို့ ကလောင်တချက်နဲ့ အပိန့်ထုတ်လိုက်တယ်။ ဂျပန်ငွေ ကိုဘဲသုံးနေ ရတဲ့ ဗမာ တမျိုးလုံးဟာ တမှုန်းတည်းနဲ့ ရှိသမျှငွေတွေပြုတ်ပြုတ်ပြုန်းတာဘဲ။တမျိုးလုံး-လုံးဝလက်မဲ့အဝရောက်ပြီး၊သုံးနှစ်အတွင်းထူထောင်လိုက်တဲ့စီးပွါးရေးကုန်အရောင်းအဝယ်ရေးတွေဟာ၊ငွေရင်းတွေပြုတ်ပြီး-မြဲအဝရောက်သွားတာဘဲ။ဒါထင်မဟုတ်သေး-ဗမာငွေဟာ၊ ရေဖြစ်သွားရုံသာမကဘူး၊အင်္ဂလိပ်နဲ့ အတူတူ ပြန်ပါလာတဲ့ကုလား၊တရုပ်။အင်္ဂလိပ်တွေရဲ့ ငွေကတော့ ရွှေဖြစ်သွားတာဘဲ။ဗမာ့လက်ထဲမှာရှိတဲ့ ငွေကိုတန်ဘိုးမရှိ လုပ်လိုက်တော့-ကုလား။တရုပ်၊အင်္ဂလိပ်၊လက်ထဲမှာရှိတဲ့ ငွေတွေရဲ့ တန်ဘိုးဟာ၊အရမ်းကာရောတက်သွားတာဘဲ၊ ဒါဟာပဌမဓါးပြတိုက်ပွဲဘဲ၊နောက်-ဒုတိယတိုက်ပွဲက၊ ကမ္ဘာနဲ့သိတဲ့ အတိုင်း၊ဗမာတွေရဲ့ မြို့တွေ-ရွာတွေ- အိမ်တွေ၊ပစ္စည်းအမျိုးမျိုးတွေဟာ၊အင်္ဂလိပ်နဲ့- အမေရိကန် လက်ချက်နဲ့ ပျက်တာကများတယ်၊ဒါတွေအတွက်၊အင်္ဂလိပ်သိကလျော်ကြေးဆိုလို့၊တရွေးမှမရ။ဗ၊ဆ၊ပ၊လအစိုးရကဘဲ၊မတောင်း၊ဖိလစ်ပိုင်အစိုးရကတော့၊ တောင်းလို့ အမေရိကန်အစိုးရကပေးတယ်။ဒီလိုလျော်ကြေးမရသမျှ၊ ဗမာ လူမျိုးရဲ့ စီးပွါးရေးနလန်ထူဖို့ လမ်းစတောင်မြင်ဖို့ ခက်နေတယ်၊

ကဲ-ထတိယဓါးဖြတိုက်ပွဲက၊အင်္ဂလိပ်တွေဗမာပြည်ကို ပြန်ယူခဲ့တဲ့၊ပရိုဂျက်တွေဖြစ်တယ်။ဒီပရိုဂျက်တွေမှာ သုံးတဲ့ငွေက။ဗမာကလက်မှတ်ထိုးပြီး၊ဗမာပြန်ဆပ်ရမယ်တဲ့-သုံးနေတဲ့လူတွေက။အင်္ဂလိပ်တွေ။သုံးတော့အင်္ဂလိပ်- ဆပ်တော့-ဗမာဖြစ်နေတယ်။ဒါဟာ-ရာဇဝင်မှာမကြားဘူးတဲ့ အလုပ်ဘဲ။အင်္ဂလိပ်အောင်ဆန်းစာချုပ်အတိုင်းဘဲ။ဒီအယုတ်ဟာ။ဒီအတိုင်းဆက်သွားမှာဘဲ။

ဒီ-ဓါးမြတိုက်ပွဲသုံးပွဲနဲ့-ဗမာလူမျိုး တမျိုးလုံးဗြာ ဘဝရောက်သွားတာဘဲ။ဗြာဘဝကမှမလွတ်လပ်နိုင်ရင်၊ ဘယ်လွတ်လပ်ရေးမှ၊တကယ်အစစ်၊လွတ်လပ်ရေး မဟုတ်ဘူးလို့။သေသေချာချာမှတ်လိုက်ကြ၊ဒီအရင်းခံအရေးတွေကိုထုံးဝမစဉ်းစား။အရေးမဆို၊အာဏာမရှိတဲ့ပြည်သူ့ လွှတ်တော်ဘုရင်ခံအာဏာကိုအမှီပြုနေရတဲ့၊ ရာထူးရေးတွေကိုသာ၊အရေးဆိုနေတာ၊အထူးဘဲ ဗမာများ ရှက်စရာကောင်းတဲ့ အရေးတွေဘဲ၊

## အာဖြစ်လို့မနှစ်ကအာမေရိကန်ကို မသွားသလဲ။

ဒီကိစ္စနဲ့ပတ်သက်ပြီး၊ကျုပ်ရှင်းစရာတခုရှိသေးတယ်။မနှစ်ကဗမာပြည်က၊ဂျပန်ထံက၊ စစ်လျော်ကြေး ရစရာကိစ္စနဲ့ပတ်သက်ပြီး၊ဗမာပြည်အစိုးရကိုယ်စားလည်အရေးနဲ့၊အာမေရိကကိုနိုင်ကျုပ်မသွားတာကိုတချို့သတင်းစာများက၊အပြစ်ရှာကြတယ်၊ဘာ့ကြောင့်မသွားတယ်ဆိုတာကိုရှင်းပြမယ်၊ကျုပ်ကိုဘုရင်ခံကခေါ်ပြီး၊အသွား ခိုင်းထု၊

ကာ။ကျုပ်အတိအလင်းသူ့ကိုစာနဲ့ပြန်ပြီး ပြောလိုက်ခဲ့တာ
က။ကျုပ်သွားရမယ်ဆိုရင်၊ဂျပန်စစ်လျော်ကြေးကိစ္စ ထရ
ထဲသာမဟုတ်ဘဲ၊ဂျပန်ငွေစက္ကူထန်ဘိုးပေးရန်ကိစ္စ၊ အင်္ဂ
လိပ်နဲ့ အမေရိကန်တို့ဗမာပြည်မှာ။မျက်ဆီးသမျှ အတွက်
လျော်ကြေးတောင်းရေး၊ပရိုဂျက်တွေအရေး၊ဒီ အရေးတွေ
အတွက်လဲ၊ဆိုင်ရာတိုင်းပြည်မှာအရေးဆိုနိုင်မယ် ဆိုရင်၊
ကျုပ်သွားမယ်လို့ပြောလိုက်တယ်။ဘာ့ကြောင့်လဲဆိုတော့
ဂျာပန်ပြည် တဦးထဲကလျော်ကြေးတောင်းမယ်လို့ ဆိုရင်
သွားစရိတ်တောင်ကြေဘို့လမ်းမရှိဘူး၊ဂျာပန်ကိုစစ်ကြွေး
ရှင်တွေ ဝိုင်းနေလို့ ကမ္ဘာကြီး တချုံးချောင်းပြီးဆပ်ရင်
တောင်ပြေနိုင်မှာမဟုတ်ဘူး၊ဆယ်ခါဒေ၀ါလီခံလို့ကြေမှာ
မဟုတ်ဘူး၊ တကယ်ပေးနိုင်တာ–ဆပ်နိုင်တာကစစ်နိုင်တဲ့
အမေရိကန်၊အင်္ဂလိပ်တို့သာဖြစ်တယ်၊ဒီကိစ္စလေးမျိုးစလုံး
ဟာ၊လွတ်လပ်တဲ့ ဗမာလူမျိုးထူထောင်ရေးရဲ့ တကဲ့လမ်း
မကြီးတွေဖြစ်တယ်၊ဒါကြောင့်–ကိစ္စတခုထဲသွားလုပ်လို့
မဖြစ်နိုင်ကြောင်း။ကျုပ်ပြောပြတယ်၊ဘုရင်ခံက ပြန်ပြော
တာက။ဒီ အရေးမှာ၊သူဘာယ်ဘက်ကမှမပါဘူး။ဗမာ ဖ၊ဆ၊
ပ၊လ၊အစိုးရကသာ၊ ဒီလိုဂျပန်ထင်သာမကဘဲ၊အင်္ဂလိပ်နဲ့
အမေရိကန်တို့ကိုပါ။ အရေးဆိုမယ်ဆိုတာကို၊လုံး၀သဘော
မတူဘူးလို့–ဘုရင်ခံမှတဆင့်ပြန် ပြောတယ်၊ ဒါကြောင့်
ကျုပ်မသွားခဲ့ရဘူး။ဖ။ဆ၊ပ၊လ၊ အစိုးရကလဲ၊ ဒီကနေ့
ထိအောင်ကျုပ်ခုပြောပြခဲ့တဲ့ အလုပ်တွေကိုလုပ်ဘို့ နေနေ
သာသာ—စဉ်းစားခမ်းမှာတောင်ထည့်ပြီးမစဉ်းစားဘူး။

## အင်္ဂလိပ်အိပ်ကိုနှိုက်ရရင်–ဗမာ့အိပ်ကို နှိုက်ဘို့မလို။

ကျုပ်အတိအလင်းသတိပေးမယ်။ခုဖေါ်ပြတားတဲ့ စီးပွါးရေးပြဿနာတွေဟာ။ဗမာ့လွတ်လပ်ရေးနဲ့ ပြန်လည်ထူထောင်ရေးရဲ့ထက်ခဲ့အချက်ဖြစ်တွေတဲ့ဗမာဆင်းရဲသားတွေကို အိုးမဲ့-အိမ်မဲ့-ငွေမဲ့-အလုပ်မဲ့အမျိုးမျိုးမဲ့ရှိနေတားတွေဟာ အရင်းအမြစ်ကိုစစ်လိုက်ရင်–ဒီစီးပွါးရေးပြဿနာတွေမှါဆုံးတာဘဲ။ဗမာအလုပ်သမားကိစ္စ။ဗမာ လယ်သမားကိစ္စ။ အိုးမဲ့။အိမ်မဲ့ ကိစ္စအားလုံးကိစ္စတို့ဟာ။အရင်းခံ စီးပွါးရေး ပြဿနာကြီးတွေကို။အခြေကနေပြီးကိုင်လိုက်ရင် ပြီးနိုင်ဒါဘဲ။အသီးတရာရဲ့ အညွှာဟာ–ဒါဘဲ၊အင်္ဂလိပ်အိပ်ထဲက ရရနှိုက်ရင်။ပစ္စည်းမဲ့ ဗမာတွေအိပ်ထဲက–နှိုက်နေစရာ မလိုတော့ပါဘူး။ခုတော့အင်္ဂလိပ်အိပ်ထဲလဲ မနှိုက်ရဲ။ဗမာ့ အိပ်ထဲမှာလဲငွေမရှိ။ရှိတဲ့ ငွေကလေးကိုလဲ၊ဟိုဗမာ အိပ်ထဲက နှိုက်။ဒီဗမာအိပ်ထဲထည့်-အိပ်ပြောင်း အိပ်လွှဲသာ ဖြစ်တဲ့ ထပ္ပဲတိုး အလုပ်ကလေးတွေကိုသာ လုပ်နေတာ ကြောင့်၊ ဗမာတွေ ခုထိအောင်စစ်ဒါဏ်တွေမှမထူနိုင်ဘဲ၊ မွဲပြာနေကြတာဘဲ။

## ဂျပန်ငွေကိုဘယ်လိုတန်ဘိုးထားရမလဲ။

ဂျပန်စက္ကူ။အရေးနဲ့ ပတ်သက်ပြီး၊ကျုပ်လဲ အရမ်းပြောပြီး၊အရမ်းတောင်းတာလဲမဟုတ်ဘူး။ ဂျပန်ငွေစက္ကူ တွေအားလုံးကိုလဲ၊တန်းတူတန်ဘိုးထါးဘို့စည်းကမ်းမဲ့ မပြောဘူး။ကျုပ်ပြောတာက၊ဆင်းရဲသားများငွေဖြန့်ရဘို့ အလုပ်

သဘောနဲ့ပြောတာ။ဘယ်လိုလဲဆိုတော့၊ဥပမာ- တယောက်ကိုဂျပန်ငွေတသောင်း- နှစ်သောင်းထိ ပြန်ရွေးဖို့ စည်းကမ်းသတ်ရန် တသောင်း-နှစ်သောင်းတိုးတက် ဖိုပြီးတော့ ဘယ်သူထံကမျှမရွေးဖို့ငွေကို၊ဗမာပြည် အစိုးရက- အင်္ဂလိပ်အကူအညီနဲ့-တတ်နိုင်သမျှတန်ဖိုးထားဖို့။ ဒီတန်ဖိုးကို-တကယ်အိုးမဲ့ အိမ်မဲ့ အလုပ်မဲ့ လယ်ယာမဲ့ ဆင်းရဲသားများကိုပြန်လည်ထူထောင်နိုင်ရန်။ လက်ငင်းပေးဖို့၊ ကျန်လူများကို အစိုးရငွေချေးစာချုပ်များကိုအစားပေးဖို့၊ ပြောခဲ့တာဘဲ။ဒီအတိုင်းသာဖြစ်ခဲ့တယ်ဆိုရင်၊ အခု ငတ်မွတ်တဲ့ပြဿနာတွေဟာလဲ၊အရင်းအမြစ်ကစပြီး ရှင်းပစ်နိုင်မယ်၊ ဗမာ့စီးပွါးရေးလဲ၊အသက်သစ် ပြန်သွင်းလိုက်သလို၊နလန်ထူနိုင်ထိမ့်မယ်။ဒီပြင်နည်းတွေဟာ၊အနာကို အပေါ်ရံက-ခနကျက်စေပြီး၊အတွင်းကတော့၊ပြည်ဖြစ်ပြီး တည်နေစေမှာဘဲ၊

## ၁၉၄၇ ဗမာဖြစ်ချင်လျှင်။

ကိုယ့်စီးပွါးရေး၊ တကယ်မလုံခြုံပြီး၊တကယ် မလွတ်လပ်လျှင်၊နိုင်ငံရေးမှာလဲ၊တကယ်မလွတ်လပ်နိုင်ဘူး ဆိုတာ ယခု ၁၉၄၇ ခုနှစ်ကြီးရဲ့အရင်းခံသင်ခန်းစာဘဲ၊ ဒီသင်ခန်းစာအတိုင်းမဟုတ်တဲ့ လွတ်လပ်ရေးတွေဟာ၊ ပြရုပ်-ရုပ်သေးလွတ်လပ်ရေးတွေဘဲ၊ ဒါကြောင့် ၁၉၄၇ ခု၊ ဗမာတွေ—တကယ်ဖြစ်ချင်လျှင် ၁၉၄၇ ခုနှစ်ကြီးရဲ့ အတန်းကိုမှီအောင် ကိုယ်ဘဝလက်ရောက်လိုက်ကြ၊ အပြောဘယ်လိုကောင်းကောင်း၊အလုပ်နဲ့မမှီအောင်မလိုက်ကြ

ရင်၊လူကြီးဖြစ်စေ-လူငယ်ဖြစ်စေ။အရွယ်မရွေး-နယ်ပယ်ဟောင်း အတိုင်းခေတ်ဆွေးခေတ်ဟောင်းသမားတွေ ဖြစ်နေကြမှာ ဘဲ။တကယ်လိုက်နိုင်ရင်လဲ။လူကြီးဖြစ်စေ-လူငယ် ဖြစ်စေ၊ အရွယ်မရွေး၊ခေတ်သစ်ကိုတကယ်ထွင်မဲ့ လူတွေဘဲ။ ဒါ ဟာ ၁၉၄၇ ခုနိုင်ငံတိုင်းမှာဖြစ်နေတဲ့ အတိုင်းဘဲ။၁၉၄၇ ခု။ဗမာပြည်မှာလဲ။ဒီအတိုင်းမလုပ်ကြရင်။ ဆက်ပြီး ဗမာ တွေ-သေဘို့သာပြင်ကြတော့။

## နိုင်ငံရေးသမား သုံးမျိုးသုံးစား

## လက်ျာသမား ကြားသမား လက်ဝဲသမား

ဒီအကြောင်းနဲ့ဆက်ပြီးကျုပ်အထူးသတိပေးလိုတယ်၊ နိုင်ငံရေးကို၊ပိုင်းကြည့်လိုက်လျှင်။သုံးမျိုး သုံးစား ရှိတယ်၊ လက်ျာနိုင်ငံရေး၊လက်ဝဲနိုင်ငံရေး၊အလယ်ကျတဲ့ကြားနိုင်ငံ ရေးများဖြစ်တယ်၊ဗမာပြည်မှာ—လက်ျာသမားများဆိုလျှင် အင်္ဂလိပ်နဲ့ အတိအလင်းပေါင်းပြီးအမြဲသွားမိုတဲ့ သူများ ဖြစ်တယ်၊ဥပမာဆိုရင်၊ဆာဂျေအေ. ဦးမောင်ကြီးတို့ ဖြစ် တယ်၊ သူတို့ဟာ-သူတို့ရဲ့ယုံကြည်ချက် အတိုင်း၊ အတိအ လင်းပြောတယ်။ပြောတဲ့အတိုင်းလဲ၊ အတိအလင်း လုပ် တယ်။အပြောနဲ့ အလုပ်ညီတယ်၊ရှေ့တမျိုး၊နောက်တမျိုး၊ ရှေ့ရင်တမျိုး၊နိုင်ရင်တမျိုး၊အင်္ဂလိပ်နဲ့တွေ့ရင်တမျိုး၊ဗမာနဲ့ တွေ့ရင်တမျိုး-မပြောကြ— မလုပ်ကြ။ ဒါကြောင့် သူတို့နဲ့ ဘယ်ဘဝမှာဝါဒနဲ့အလုပ်မတူနိုင်ပေမဲ့၊ သူတို့ကို ကျုပ် ရို သေနိုင်တယ်-လေးစားနိုင်တယ်၊

ကဲ—တခြားဘက်က လက်ဝဲသမားများရှိကြတယ်။ ဥပ

မာသိုရင်-သခင်မိုးနဲ့ အလံနီကွန်မြူနစ်အဖွဲ့ဘဲ၊ သူတို့ဟာဘဲ။သူတို့ရဲ့အပြောနဲ့အလုပ်ဟာ၊တသမတ်ထဲ ရုံတွဲ သွားတါဘဲ။ဂျပန်ခိုင်တုန်းကလဲဒီအတိုင်းဘဲ။အင်္ဂလိပ်နိုင်တော့လဲဒီအတိုင်းဘဲ-ဒွေးပြေးဝက်ပြေးဘဝရောက်ရတော့လဲ ဒီအတိုင်းဘဲပြောပြီး။ဒီအတိုင်းဘဲလုပ်ကြတယ်။သူတို့ရဲ့အယူဝါဒကိုကျုပ်မှန်တယ်-မှားတယ်-ခုမဝေဘန်သို။ဒါပေမဲ့သုတို့ရဲ့ တကဲ့ယုံကြည်ချက်- တကဲ့သစ္စာ-သတ္တိနဲ့- စင်ကြယ်ချက်များကိုကျုပ်အထူးချီးမွမ်းတယ်။ကမ္ဘာ့ အရေးတော်ပုံတိုင်းဟာ-ဒီလိုစခဲ့တာချည်းဘဲ၊ ဒွေးပြေးဝက်ပြေးဘဝကတက်ရတာချည်းဘဲ။

## ကြားသမားနဲ့ အလုပ်ကိုအဝေးကရှောင်

လက်ျာမကျ၊လက်ဝဲမကျတဲ့-ကြားအဖွဲ့သမား တွေနဲ့ကြားအလုပ်တွေအကြောင်း- ကျုပ်ဆက်ပြီး ခုပြောလိုက်မယ်၊နိုင်ငံရေးတိုင်းမှာ-ဒီအစားတွေကအရှုတ်ဆုံး၊ အဆိုးဆုံး-ရန်သူအစစ်ဆုံးဖြစ်တယ်၊ခုစစ်ပြီးတဲ့ကမ္ဘာကြီးမှာ-ဒီလိုအစားတွေကနိုင်ငံအများမှာ ကြီးစိုးနေကြတာကြောင့်-ရှုတ်ထွေးနေတာဘဲ၊ဗမာပြည်မှာလဲ-ဒီအတိုင်းဘဲ ဖြစ်နေတယ်။အပြောတမျိုး-အလုပ်တမျိုးတွေကို အမြဲလုပ်နေကြတာဘဲ၊ သူတို့ရဲ့အပြောကတော့- တတ်သမျှ၊မှတ်သမျှ-ခေတ်ကြိုက်တဲ့လက်ဝဲစကားလုံးတွေ-အလုပ်ကတော့ တကဲ့လက်ဝဲအလုပ်တခုမှထိထိရောက်ရောက် မပါဘဲလက်ျာအလုပ်တွေချည်းဘဲ၊ဗမာနဲ့-တွေ့ရင်ဗမာကြိုက်တဲ့ စကားလုံးတွေပြော၊ အင်္ဂလိပ်နဲ့ တကယ်အလုပ်လုပ်ရမဲ့အချိန်

တိုင်းမှာ-အင်္ဂလိပ်ကြိုက်တဲ့အလုပ်တွေလုပ်။အင်္ဂလိပ်ဘက် ကချွင်းချက်မရှိဗမာ့ပြည်ပြန်သိမ်းဘို့ တိုက်ပေး-လက်နက် နဲ့စစ်တပ်ထောင်-သပိတ်တွေဖျက်-စာချုပ်တွေချုပ်ကိုယ့် ဆုံးဖြတ်ချက်ကို ကိုယ်သစ္စာဖေါက်—သူပုန်တွေနှိမ်၊ သူတို့ ကိုယ်ရေးပေါ်တော့၊ တိုင်းပြည်ကိုရမ်းဘို့။ချဘို့၊ မြှောက် ပေး၊သူတို့အရေးပြီးတော့ သူတို့မြှောက်ပေးတဲ့အတိုင်း ချ တဲ့လူတွေကို သူတို့ဘဲပြန်နှိမ်၊ အပြောအတိုင်းကတော့ လက်စဲသမားတွေတဲ့၊အလုပ်ကတော့လက်စဲအဖွဲ့တွေကို မတရားသင်းကြေညာ၊လက်စဲသမါးတွေကိုခါးမြတွေဆိုပြီး အင်္ဂလိပ်စစ်တပ်တွေသုံးပြီးနှိမ်၊ဂျပန်နိုင်ရင်၊ဂျပန်ဘက်လိုက် ပြီးအင်္ဂလိပ်ကိုကန်းလော်ဆဲ၊ အင်္ဂလိပ်ကနိုင်တော့ အင်္ဂလိပ် ဘက်သိုက်ပြီးဂျပန့်ကို ကလော်တုတ်—စစ်အတွင်းက လွတ် လပ်တဲ့ ဗမာနိုင်ငံတော်အရေးသာတဲ့ခေတ်မှာ၊ ဗမာနိုင်ငံ တော်အစိုးရတဲ့ခင်၊ ရှိသမျှသစ္စာတွေယူ၊ ရှိသမျှအလုပ် တွေလုပ်၊ ရှိသမျှအကျိုးတွေခံစားစံစား၊ ဒီဗမာနိုင်ငံတော် ကြီးအရေးနိမ့်သွားတော့၊အင်္ဂလိပ်နဲ့ပေါင်းပြီး ဒီနိုင်ငံတော် ကြီးကိုဖိုင်းဖျက်၊ဒီနိုင်ငံတော်နဲ့ သစ္စာတည်တည်လုပ်ခဲ့တဲ့ ဗမာတွေကိုကလော်ဆဲ၊ ရန်အမျိုးမျိုးတိုက်၊ အမျိုးမျိုးမှုပြီး နှိမ်နင်း၊အင်္ဂလိပ်လက်ထဲက ရသမျှရာထူးတွေယူပြီး၊ ပေး သော်လဲမယူတဲ့ ဘက်သားတွေကို ရာထူးတော်တယ်လို့ စွတ်စွဲ၊အချက်ရတိုင်းခေါ်းမြဲမှုခါးမြတိုက်ပြီး၊ရသမျှ သိမ်း ကြွးစားထားကာသူတို့၊ စွတ်စွဲတော့တခြားလူတွေကို၊ ခေတ် ဖျက်တွေမှာ၊အပ်ထချောင်းမှ မသုံးရှုံးတဲ့၊မတွေ့ဘူး မကြို

ဘုံးအောင်အမျိုးမျိုးဖြတ်ခဲ့တဲ့ လူတွေက စွန့်စားခဲ့တဲ့ လူ
တွေတဲ့၊ အိုးအိမ်မှစပြီးရှိသမျှပစ္စည်း ပြုတ်ပြုတ်ပြုံးအောင်
ဆုံးရှုံးခဲ့တဲ့ လူတွေကိုတော့ အချောင်သမားတွေတဲ့ စစ်အ
တွင်းက သူတို့ဟာ အင်္ဂလိပ် ပဉ္စမတပ်သားတွေ အနေနဲ့
အင်္ဂလိပ်ရဲ့ အကျိုးကိုဦးဆွေးဆံမြေ့ သည်ပိုးဆောင်ရွက်ခဲ့ပါ
တယ်လို့ပြောင်ဂုဏ်ယူ-ရတော့ အင်္ဂလိပ်တွေကို အသက်
စွန့်တိုက်ခဲ့တဲ့ တိုက်နေတဲ့ လူတွေကိုတော့ အင်္ဂလိပ်ပဉ္စမ
တပ်သားတွေလို့ ဗလာစွတ်စွဲ—တောင်ဘေး-သေဘေး-အ
ခေတ်မှတ်တဲ့ ဘေးကို အဝေးကတောင် မတွေ့ဘူးတဲ့
ခေါင်းဆောင်တွေက- သူတို့ကိုယ်သူတို့— တော်လှန်ရေးသ
မားတွေတဲ့—ဒီလို-တဘုံးဘုံး- ထချိုင်းနှိုင်း- သေဘေး
တောင်ဘေး-စက်တိုင်ဘေးတွေ တွေ့ခဲ့ရတဲ့ လူတွေကို
တော့ပစ်ထားပြီးရှုံ့ ချလိုက်သေးတယ်—တကယ်တိုက်ပွဲခါ
မျက်နှာတောင်မပြဘဲရှောင်တိမ်းပုန်းအောင်းနေတဲ့ လူတွေက
တော့ဗမာခေါင်းဆောင်အစစ်တွေဘဲ ဗမာနဲ့တွေ့တော့အင်္ဂ
လိပ်ကို ချမယ်တဲ့ - အင်္ဂလိပ်နဲ့တွေ့တော့-ဒီလိုချမယ်ဆိုတဲ့
စကားမျိုးမပြောခဲ့ရဘူးတဲ့ -ဗမာပြည်နဲ့ အိန္ဒိယမှာပြောလိုက်
တော့-သူတို့ရဲ့ ဝါဒဟာ ဗမာ့လုံးဝလွတ်လပ်ရေးဝါဒ တခု
တည်းတဲ့- ဘိလပ် သတင်းစာဆရာတွေက ဝိုင်းမေးကြ
တော့-သူတို့ဟာလွတ်လပ်ရေးပြဿနာနဲ့ ပတ်သက်ပြီးစိတ်
မပိုင်းဖြတ်ရသေးပါဘူးတဲ့ -ဒီလိုအမျိုးမျိုး-ဟိုမကျ-သည်မ
ကျ-နိုင်ငံ့ ဆိုပြောင်းဆန်အောင်-ပြောင်းလုပ်ပြီး-ပြောင်းရောင်း

စားနေကြတယ်။ဒါဟာအဆိုးဆုံး ကြားအပွဲ့သမားအစစ်တွေရဲ့အလုပ်တွေဘဲ။ဒီကြားသမားတွေဟာ- သူတို့ကိုသူတို့ဘယ်လိုဘဲခေါ်ခေါ်–ကမ္ဘာ့ကသူတို့ကို ဘယ်လိုထင်သလဲဆိုဒါကမ္ဘာ့သတင်းစာတွေထဲမှာ ထင်းထင်းကြီးပေါ်နေတယ်၊အင်္ဂလိပ်လက်ဝဲသတင်းစာတိုင်း-ကုလားထက်ဝဲ သတင်းစာတိုင်းဟာ-ဦးအောင်ဆန်းနဲ့ သူ့ဘက်သားခေါင်းဆောင်တွေကို–ဗမာပြည်က လက်ဝဲဝါဒနဲ့ လုပ်ငန်းရဲ့အကြီးဆုံးရန်သူတွေလို့ ကျေညာထားတယ်။ဦးအောင်ဆန်းတို့ဘက်ကရေးတဲ့ အင်္ဂလိပ် သတင်းစာတွေက အောင်-ဦးအောင်ဆန်းကို-ကြားသမားဖြစ်ပြီး ( ကွန်ဆားဗေတစ် ) အစစ်အနေနဲ့-ချီးကျူးထားတယ်။

ကျုပ်ဟာ-နိုင်ငံရေးမှာ–၁၅-နှစ်နီးပါး လုပ်ခဲ့ပြီ၊ ဗမာပြည်မှာရော-အခြားနိုင်ငံများမှာရော-အဘက်ဘက်က နိုင်ငံရေးအဖွဲ့များနဲ့-ပုဂ္ဂိုလ်များကို–အချိန်ကောင်း-အချိန်ဆိုး-အမျိုးမျိုးမှာတွေ့ခဲ့ဘူးပြီ၊ကျုပ်အတိအလင်းပြောနိုင်ဒါက-ဘယ်အခါတုံးကမှ၊ဒီတဲ့စစ်တဲ့သာယာစီးပြီး၊အမြဲဖော့နှစ်ဘက်နင်းကြားသမားလူမျိုးတွေကို–မတွေ့သေးဘူး။ခေါင်းဆောင်တချို့ကြောင့်လဲ ဒီလောက်တောင် ဗမာတမျိုးလုံးဟာ၊အချိန်ကောင်းတဲ့အခါမှာအဖြစ်ဆိုးကြီးကိုရောက်ရဒါကိုလဲ မတွေ့ဘူးသေးဘူး။

ကျုပ်နောက်ဆုံး ဗမာများကို သတိ ပေးလိုတာက လူကျော့သမားလုပ်ချင်ရင်အတိအလင်းသရွာနဲ့ လုပ်ကြပါ

ဒါမှမဟုတ်—လက်ဝဲသမားများလုပ်ချင်ရင်လဲ အတိအလင်း
သွားနဲ့-ကမ်းခိုက်တိုက်- ထုံးတိုက်တိုက်- လုပ်ကြပါ။
နိုင်ငံသစ်ဖန်တီးမဲ့ အရေးတော်ပုံဆိုတာဟာ-ဒီအတိုင်းလုပ်ရ
ဒါချည်းဘဲ။လက်ျာမဟုတ်- လက်ဝဲမဟုတ်- လက်ဝဲစကား
တွေကိုဘန်းပြပြီး လက်ျာအလုပ်ကိုလုပ်တဲ့ ကိစ္စမျိုးတွေကို
တော့-အဝေးကရှောင်ကြ၊ လက်ဝဲအစစ်နိုင်ငံတိုင်း- ဒီလို
လက်ဝဲစကားလုံးတွေဘန်းပြပြီးရပ်စားခြင်တဲ့ ကြွားသမား
တွေကို၊အဆိုးဆုံးရန်သူလို့ မှတ်ကြတယ်၊ ရုရှားမှာဆိုရင်
ဒီလိုအတုဟာန်ဆောင်တွေကို-သေနတ်နဲ့ပစ်ဒါဘဲ၊အင်္ဂလိပ်
ကတော့—ဒီခေါင်းဆောင်မျိုးကိုမွေးပြီး ခိုင်းနေတာ၊အလုပ်
တိုင်းမှာ ပေါ်နေတယ်၊ ဒီခေါင်းဆောင်မျိုးကြောင့် သာ
အင်္ဂလိပ်ဟာ ဗမာပြည်ကို၊အချောင်ဆုံးဈေးနှင့် ခြိန်ရနိုင်ခဲ့
တယ်။နောက်ပိုင်းက တကယ်တိုက်တဲ့ ဗမာ့တော်လှန်ရေး
သမားတွေကတော့— သွေးချောင်းစီးခဲ့ရတယ်။ ဒီခေါင်း
ဆောင်တွေကြောင့်ဘဲ-အာရှတခုလုံး မီးဟုန်းဟုန်းတောက်
နေတဲ့ အခါမှာ၊ အင်္ဂလိပ်တွေဟာ ဗမာပြည်မှာ—လက်နက်
တွေပြန်သိမ်းပြီး-အေးချမ်းစွာအုပ်ချုပ်နိုင်ခဲ့တယ်၊ စက္ကူပြူ
ဘုရင်ခံအာဏာပိုင်အုပ်ချုပ်ရေး သက်တမ်းရှေ့ အောင်လုပ်
နိုင်ခဲ့တယ်၊ဗမာတွေကိုသစ္စာမဲ့တွေလို့ ကမ္ဘာမှာအညွန့်ချိုး
နိုင်ခဲ့တယ်၊ဗမာပြည်မှာကွန်မြူနစ်လက်ဝဲအားတွေကို နိမ့်ကြ
သွားအောင်လုပ်နိုင်ခဲ့တယ်—အာရှသွေးစီးရေးနဲ့ တော်လှန်
ရေးဆိတ်ခါတ်တွေကိုလဲ ဖရိုဖရဲဖြစ်သွားအောင် လုပ်နိုင်ခဲ့

တယ်၊အင်္ဂလိပ်ကြိုက်တဲ့ စာချုပ်အမျိုးမျိုး ချုပ်နိုင်တယ်၊ အင်္ဂလိပ်တွေကဗမာကို-စစ်အတွင်းပုက်စီးရေးတွေနဲ့ ပါတ်သက်ပြီးတရွေးမှမပေးဘဲ၊ ဗမာကနေတောင်ဖြန့်ပြီး သွယ်ဝိုက်တဲ့နည်းနဲ့ ပေးရအောင်လုပ်နိုင်ခဲ့တယ်၊ ပရိုဂျက်အမျိုးမျိုးနဲ့ အင်္ဂလိပ် စီးပွားရေးတွေကိုဖြန့်ပြီး ထူထောင်စေနိုင်ခဲ့တယ် အင်္ဂလိပ်စစ်တပ်တွေဗမာပြည်မှာ ဗမာငွေနဲ့ ထောက်ချထား ပြီးဗမာ့နှိမ်နင်းရေးမှာသုံးနိုင်ခဲ့တယ်၊အင်္ဂလိပ်ဟာ တကဲ့အခက်အခဲတွေကြုံတိုင်း-ဒီခေါင်းဆောင်တွေရဲ့ အကူအညီတွေကိုအမြဲရခဲ့တယ်၊ဒါနဲ့ တောင်သူလယ်သမား၊လက်ငံသမားတွေ၊တော်လှန်ရေးသမားတွေလို့ မရှုက်ဘဲပြောနေကြသေးတယ်၊

## သေနတ်သမားအုပ်ချုပ်ရေး

ခုကျုပ်ပြောနေတဲ့ ဗမာကြွားသမား ခေါင်းဆောင်တွေရဲ့ တကဲ့ရည်ရွယ်ချက်ဟာ ဘာလဲဆိုတော့-တနေ့တခြား-တိုးပြီးထင်းရှားနေပြီမဟုတ်လား၊ ခု-ရွေးကောက်ပွဲမှာ-သူတို့ရဲ့အလုပ်တွေနဲ့- အပြောတွေနဲ့ သိကြရပြီမဟုတ်လား၊ သူတို့နဲ့-နီးစပ်တဲ့ လက်သင့်ရာ ရဲဘော်ဖွဲ့တော်-ရဲဘော်အုပ်ချုပ်ရေး-ရဲဘော်နိုင်ငံရေးအဖွဲ့တွေ-ပြောင်လုပ်နေကြပြီ ဗမာပြည်မှာသူပုန်တွေရှုပ်ပြီး လုံးဝပျောက်သွားပြီလို့ မထင်ကြနဲ့အုံး၊သူတို့ရဲ့စစ်တပ်သာရှုပ်ပြီး ထွက်သွားတာ ရုပ်နှင့်တွေရဲ့ အသိုးဆုံးပိတ်ဓါတ်နဲ့ အရျင့်တွေ-လက်နက်

အာကိုးကြီးရိုးရေးတွေ အနိုင်ကျင့်လိုရေးတွေဟာ- သူတို့အမွေအနှစ်တွေအနေနဲ့ ကျန်ခဲ့သေးတယ်။ဒီအမွေတွေကို ရထားတဲ့ဂျပန်တု ဗမာခေါင်းဆောင်တစုက-ဗမာပြည်မှာသေနပ်သမားချုပ်ချုပ်ရေး ထူထောင်ဖို့အကြံအမျိုးမျိုး ထုတ်နေကြတယ်။ဒီဂျပန်အတုတွေဟာ—ဂျပန်အစစ်ထက် တောင်သိုးထောက် မှတ်လိုက်ကြ။ ဥပမာဆိုရင်—ဂျပန်တွေဟာသေနပ်ကို ဘုရားတဆူအနေနဲ့ ရှိခိုးအားထားပေမဲ့-သူတို့ရဲ့ လူမျိုးဖန်တီးရေးမှာ—ဉာဏ်ပညာကိုငင်း-ဗဟုသုတအမျိုးမျိုးတိုငင်း—လူကြီး—လူငယ်—မသိးခြားတဲ့ သူတို့တမျိုးလုံးရဲ့အင်အားကိုငင်း၊တရွေးသားမှ မဲ့အောင်းအစွမ်းကုန်ရုံးပြီး-အစွမ်းကုန် အသုံးပြုကြတယ်။ကျုပ် ပြောတဲ့ ဗမာ သေနပ် သမား တစု ကတော့ သူတို့ လက်ထဲ-ရောက်နေတဲ့ သေနပ်ကိုသာ အထင်ကြီးနေကြတယ်။ ဒီသေနပ်နဲ့- ဓါးဆေးတင်ပြီး-ဗမာတွေကိုပြူးချောက်ပြီး။ရသမျှအုပ်စားဒါပဲ၊သူတို့ရဲ့နိုင်ငံရေးဘဲ၊ ပညာတွေ ဗဟုသုတတွေဟာ-မလိုတဲ့ အဖြင်းအနှောက်အရှက်တွေတဲ့ ဗမါဟာ။ကမ္ဘာကြီးနဲ့-နိုင်လား-ငါလား-ပြိုင်ပြီး လူမျိုးသစ်ထုထောင်နေရတဲ့ အခါမှာ-လူကြီးတွေအလိုမရှိတဲ့၊သူတို့ခြေကြောင်းတုန်းကမကြောင်းတဲ့လူတွေ-ကိုယ့်သစ္စာကို မှီသေခဲ့တဲ့ လူတွေကိုလဲ။အသိမရှိတဲ့ ။ဒီအလုပ်မျိုးတွေ-ဒီစကားမျိုးတွေဟာ-ဘယ်နိုင်ငံ-ဘယ်ခေတ်မှာမှမကြားဘူး- မကြုံဘူးခါတွေ့တဲ့။

## သူခိုးက–လူလူဟာစ်။

ဒီလူစားတွေရဲ့နိုင်ငံရေးနည်းအကြောင်းတွေကိုလဲပြောပြလိုက်ရုံးမယ်။ ရှေ့နဲ့ဟောင်းကအကြံသမားနည်းတွေဟဲဘာလဲဆိုရင်–အလုပ်တခုကို၊သူတို့ကိုယ်တိုင်လုပ်ပြီးတော့၊ တခြားလူတွေကို၊စွပ်စွဲတဲ့နည်းဘဲ၊သူခိုးက–လူလူဟာစ်တဲ့နည်းဘဲ။သူတို့ကအမျိုးမျိုး၊ခြိမ်းခြောက် ထိုးပြီး–တခြားလူတွေကိုခြိမ်းထိုးတယ်လို့စွပ်စွဲ–စီးပွါးကိုအမျိုးမျိုး နည်းနဲ့ရှာပြီး–တခြားလူတွေကို–စားပါးတွေ့ထိုခေါ်– ရာထူးတွေအလုပ်တွေ ရသမျှသိမ်းကြုံးယူပြီး၊တခြားလူတွေကို ရာထူးတော်တယ်လို့စွပ်စွဲ။ တွေ့တဲ့လူတိုင်းနဲ့သစ္စာအမျိုးမျိုးဖေါက်ပြီး။တခြားလူတွေရဲ့ သစ္စာကိုမယုံရအူးလို့စွပ်စွဲ၊ အင်္ဂလိပ်နဲ့ အမျိုးမျိုးပေါင်း၊အလုပ်လုပ်ပြီး၊တခြားလူတွေကိုအင်္ဂလိပ်အက်သားပဥ္စမတပ်သားတွေလို့စွပ်စွဲ၊တိုတိုဆိုရင် လက်ဦးရင်ပြီးစတမ်းဆိုပြီး–သူတို့ခိုးတဲ့အခါတိုင်း။ တခြားလူတွေကိုချောက်ချီးနေခါဘဲ။

## ကျူပ်ရဲ့–ဝါဒ။

နိုင်ငံရေးဝါဒသုံးမျိုးအကြောင်းပြောတဲ့အဆက်နဲ့ကျူပ်ရဲ့နိုင်ငံရေးအကြောင်းကိုလဲ–ရှင်းပြခြင်သေးတယ်၊

ကျူပ်ဟာ ၁၅ နှစ်နီးပါးက–နိုင်ငံရေးကိုဝင်စကတဲက ဆင်းရဲသားဝါဒကို–အတိအလင်းကြေညာခဲ့တယ်၊ ဆင်းရဲသားအဖွဲ့ကိုလဲ–ထူထောင်ခဲ့တယ်။ဒီဝါဒဟာ–ဗမာဆင်းရဲသားနဲ့စပြီး။ဗမာဆင်းရဲသါးနဲ့ဆုံးတယ်၊တိုတိုပြောရရင်

ဗမာဆင်းရဲသားတော်လှန်ရေးဘဲ၊ ဒီထက်ပိုပြီးကျုပ်မပြော လို၊ တခုကိုသာသတိပြုစေလိုတယ်၊ ခေတ်အမျိုးမျိုးမှာ တာ ဝန်ခံလုပ်ခဲ့ရတုံးက၊ ကျုပ်ဟာ-ရနိုင်သမျှအားကလေးတွေ ကိုရွေးဒီးဒီးကြစုရပြီး၊ အင်္ဂလိပ်နဲ့ ဂျပန်တွေအား အ ကောင်းဆုံးအခါမှာ၊ သူတို့နဲ့ ရင်ဆိုင်တိုက်ပြီး၊ အလုပ်ကိုလုပ် ခဲ့ရတယ်၊ ဒီလိုကျုပ်တိုက်ရတုံးက—သူတို့ဟာ အျားသေ တွေမဟုတ်ဘူးနော်၊ သူတို့ထက်ထဲရောက်တဲ့ နိုင်ငံတိုင်းကို ဝါးစားနေတဲ —ကျားရှင်တွေဖြစ်တယ်။ ဒီလိုအခြေအနေ မှာ၊ ကျုပ်လုပ်ခဲ့ရတဲ့ အလုပ်တွေကို ကိုင်းပြည့်က ဝေဘန် ဘို့ဘဲ၊ ကျုပ်ကတော့-ဘဝတွေ-ဘေးတွေ-အမျိုးမျိုး တွေ့ခဲ့ ပေမဲ့၊ ဘယ်တော့မှ ခြေမပြောင်းခဲ့ဘူး။ ရှေ့ကိုလဲမပြောင်း ဘူး၊ ဘယ်သူနိုင်နိုင်—ဘယ်သူရှုံးရှုံး-ကျုပ်ဟာဒီဝါဒဲ မဟာဗမာဝါဒရဲ့ အခြေအမြစ်ဟာလဲဒါဘဲ။

ကျုပ်ရဲ့ အလုပ်အကြောင်းကိုတော့ပြောဘို့မလို၊ ချုပ် ချုပ်ရတဲ့ အခါတိုင်း၊ ကျုပ်ဟာ-လုပ်ငန်းစီမံကိန်းအမျိုးမျိုး ကိုတင်ကြို့ကျေညာပြီး-ဆောင်ရွက်ခဲ့တာချည်းဘဲ၊ အရေး တော်ပုံစီမံကိန်း—လျှပ်စစ်စီမံကိန်း—စီးပွါးရေး—ပညာရေး အရေးအမျိုးမျိုးမှာ-ကျုပ်ထွင်ပြီးလုပ်ခဲ့တဲ့ စီမံကိန်း တွေ ဟာ၊ တောင်လိုပုံနေကြောင်းအားလုံးသိကြတယ်၊

## တိုင်းပြုပြည်ပြုလွှတ်တော်အရေး။

ခုလာမဲ့ ရွေးကောက်ပွဲနဲ့ ပါတ်သက်ပြီး-ကျုပ်ဝါဒဟာ နှစ်ချက်ပေါ်မှာတည်တယ်၊ ပဌမအချက်က- ဗမာများဟာ

လွတ်လပ်တဲ့ လူမျိုးအနေနဲ့ — ကိုယ့် လွတ်လပ်ရေးကို အဝ ဝင်းစိမ်မခံနိုင်မှသာ လွတ်လပ်ရေးအစစ်ကို ရနိုင်မယ်၊ ဒီတော့မှသာ လွတ်လပ်တဲ့တိုင်းပြည်ပြည့်ပြည့်ဖြစ်တော်။ အစစ်- လွတ်လပ်တဲ့ အုပ်ချုပ်ရေးစည်းမျဉ်းအစစ်များ ဖြစ်နိုင်မယ်၊ ဒုတိယအချက်က — ဗမာ့လွတ်လပ်ရေးရဘို့ရန် လမ်းတို- လမ်းဖြောင့်-ရှိနေရက်သားနဲ့-ဘာကြောင့် လမ်းရှည်ကြီးကို လိုက်နေရမှာလဲ ဗမာများရဲ့ လွတ်လပ်ရေးဆန္ဒကို ကမ္ဘာကထောင်သိနိုင်ကြပြီ၊ ဗမာတမျိုးလုံးဟာ-လွတ်လပ်ရေးသူပုံထသည့်တိုင်အောင်ဖြစ်နေကြပြီ။ ဗမာတွေမလွတ်လပ်ရင် အုပ်ချုပ်ရေးတခုလုံးပျက်မဲ့အခြေဖြစ်နေပြီ။ ဒီလောက်တောင် ဗမာ့ဆန္ဒဟာထင်ရှားနေရက်သားနဲ့၊ အင်္ဂလိပ်အလိုကျလွတ်လပ်ရေးအတွက်၊ မဲပေးပွဲ။ လွှတ်တော်ကျင်းပပွဲတွေကို လုပ်ဖြစ်နေရအုံးမှာလား။ ဒီလွှတ်တော်ရဲ့ ဆုံးဖြတ်ချက်ကို အင်္ဂလိပ်က သူကြိုက်တဲ့နည်းအတိုင်း လက်ခံဘို့၊ ဗမာများရဲ့ လွတ်လပ်ရေးကစောင့်နေရအုံးမှာလား ။ ဒီအကြောင်းတွေကြောင့် ရွေးကောက်ပွဲကို သပိတ်မှောက်ဘို့ — ကျုပ်သဘောဘာဘာတူတာတဲ့၊

ချပြောတဲ့ စကားတွေဟာ၊ ကျုပ်သေတဲ့ ဘဝ အခါမျိုးမျိုးကပြန်လာပြီး သတိပေးတာလို့ သဘောထားပြီး၊ ဗမာများအားလုံးဝေဘန်ကြတော့၊ ။

★ ၀ ★

မဟာ ဗမာ-လူငယ်အဖွဲ့ချုပ် ရုံးပုံငွေ
အတွက်ထုတ်ဝေသည်။

မျိုးမြင့်-ပုံနှိပ်တိုက်။
အမှတ်-၁၁၃, ၃၂ လမ်း။